| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| ဈေးချိုတော်ဘွဲ့ တေးထပ် | .... | ၂၀ |
| နာရီစင်နှင့် စည်ပင်သာယာရုံးကြီးစသည်များ | .... | ၂၁ |
| မန္တလေး တက္ကသိုလ်များ | .... | ၂၂ |
| အခြားလူမှုရေး အဆောက်အအုံများ | .... | ၂၅ |

အခြေခံ တတိယပိုင်း

| | | |
| --- | --- | --- |
| ယဉ်ကျေးမှု အနုပညာထို့ စုဝေးရာမြို့ | .... | ၂၇ |
| ကြေးသွန်းလုပ်ငန်းစသည်များ | .... | ၂၇ |

အခြေခံ စတုတ္ထပိုင်း

| | | |
| --- | --- | --- |
| မန္တလေး နေပြည်တော်ကြီး ပေါ်ထွန်းမည်ကို ဘုရားရှင် မိန့်ခွန်းတော်ချွေခဲ့ခြင်း | .... | ၃၂ |
| မန္တလေးမြို့တော် တည်ထွန်းရန် တဘောင်ပေါ်ခြင်း | .... | ၃၃ |
| မြို့တော်တည်သင့်ကြောင်း စာသွင်းကြခြင်း | .... | ၃၄ |
| မန္တလေးမြို့ ပြောင်းရွှေ့တော်မူခြင်း | .... | ၃၆ |
| မြို့ကွက်ချ လွှတ်တော်ဆောက် | .... | ၃၆ |
| နန်းစဉ်ဘုရားများနှင့် သံဃာတော် ၅၀၀ ကျော်တို့ကိုလည်း မန္တလေးသို့ ပင့်ဆောင်ခြင်း | .... | ၃၇ |
| နန်းမြို့တော် ပန္နက်ချ၊ အုတ်မြစ်ချခြင်း | .... | ၃၈ |
| မြို့တော် ကျုံးတော်အစရှိသော ၇-ဌာန ပန္နက်ချခြင်း | .... | ၃၈ |
| အသီးအသီး ကြီးကြပ်လုပ်ဆောင်စေခြင်း | .... | ၄၀ |
| စေ့ငုအောင် ကမ္ပည်းတပ်စေခြင်း | .... | ၄၁ |
| သာသနာတော်နှစ် ၂၄၀၀ အထိမ်းအမှတ် | .... | ၄၁ |
| မန္တလေးဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်(လူးတားညှာ) | .... | ၄၂ |

အခြေခံ ပဉ္စမပိုင်း

| | | |
| --- | --- | --- |
| ရတနာပုံနေပြည်တော် မြေမြို့ရိုးကြီး တံခါး ၅၇-ရပ်လင်္ကာ | .... | ၄၄ |
| မန္တလေးရွှေမြို့တော် တံခါး ၁၂-ရပ်တေးထပ် | .... | ၄၅ |
| မန္တလေးရွှေမြို့တော်တံခါး ၁၂-ရပ်နှင့် မြို့တည်လင်္ကာ | .... | ၄၆ |
| မန္တလေးမြို့ ရပ်ကွက်များ | .... | ၄၆ |

စိန်ပန်းဒေးဝန်း၊ ရွှင်လန်းကျော်ခြိုး၊ ပြည်ကြီးပျော်ဘွယ်၊ ပေါရယ်နှံ့သီ၊ သီရိဟေမာ၊ ကျေညာကျော်သိ၊ သီရိမာလာ၊ ဗိုလ်ပါအုပ်ထွေ၊ အောင်မြေသာစံ၊ ကျော်လျှံဝှံ့ခြိုး- ပြည်ကြီးရန်လုံ၊ ကြည်ယုံပျော်နှံ့၊ မင်းတဲအိကင်း၊ လျှံဝင်းတောက်ပြောင်၊ ဘုန်းတော်ရောင်နှင့်၊ ညောင်ကွဲဌာန၊ သမ္ဗိဏ္ဍမူ၊ ဧကူနတိန်း၊ မှတ်ကိန်းပုံယင်၊ ဤသိုစင်တည့်၊ မြောက်ခွင်ဥတ္တရ၊ စိစဉ်ပြုမူ၊ ကြကျူန်းတန်ဆောင်၊ မန်းတောင်နောက်ယှဉ်း၊ မြနန်းအောင်မြေ၊ မသေ့မှတ်ခန်း၊ မြနန်းစံရာ၊ ဗိုလ်ပါရွှင်လန်း၊ မြနန်းဘုံသာ၊ သာယာတင့်ရွှန်း၊ မြကွန်းမြေငူ၊ ငါးရပ်ဟူ၍၊ ရှင်လူမှတ်ရန်၊ ပေါင်းတုံထွန်းမူ၊ ရွှေဌာန်သတ္တ၊ တောင်မှတေရသ်၊ နောက်မှတ်နှစ်ဆယ်၊ ကိုးစွန်းကယ်လျက်၊ မြောက်ဝယ်ငါးဖြာ၊ သချ်ာတွက်ရေး၊ ငါးဆယ့်လေးကို၊ ပျံ့မွှေးသာချို၊ ကဗျာဆိုသည်။ ။ သိလိုသူ၏ လက်သုံးတည်း[၁]။

## မန္တလေးဝိဂြိုဟ်နှင့် အရကောက်

ဖော်ပြပါရပ်ကွက်ပေါင်း ၅၄-ရပ်ကွက်တို့ဖြင့်လည်း အလွန်စည်ကားလှသော မန္တလေးမြို့၏ မန္တလေးဟူသောအမည်ကို "ပဏ္ဍိတဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်ဆရာတော်သည် အောက်ဖော်ပြပါအတိုင်း ဝိဂြိုဟ်ညာသ်ကောက်တော်မူခဲ့လေသည်။

မံ သီရိံ ခါရတီတိ မန္တလေး။ မံ သီရိံ၊ အသရေကို။ ခါရတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ကျက်သရေကို ဆောင်တတ်သောသတ္တ်ကြောင့်။ မန္တလေး၊ မန္တလေးမည်၏။ မံသဒ္ဒါရှေးရှိသော ခရဓာတ်။ ဧ ပစ္စည်း၊ တနည်း၊ အ ပစ္စည်း၊ အ ကို ဧ ရေး၊ ရ ကို လ ရေး၍ မန္တလေးပြီးစေ။ တနည်း ခ ကို တ ရေး၍ မန္တလေးပြီးစေ။

ခါရေတိကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်၊ ခလေးပုဒ်ကား ကတ္တုသာဓနကိတ်ပုဒ်၊ မံ ခါရေတိကား ကတ္တုသာဓနကိတန္တသမာသ်ဝိဂြိုဟ်၊ မန္တလေးပုဒ်ကား ကိတ်ဝိဂြိုဟ်အတွင်းဝင်သော ဒုတိယာတပ္ပုရိသ်သမာသ်ပုဒ်။

မံ ဟူသော ရှေ့ပုဒ်၏အရကား သိရီတိ ပညာ ပုညာနမေတံ-ဟူသော ဒွါချမူလဋီကာ၊ သိရိတ် သောဘာ ဟူသော ဂဏ္ဌိပုဒ်နှင့်အညီ ပညာဉာဏ်၊ ကောင်းမှုကံ၊ တင့်တယ်ခြင်းဟုဆိုအပ်သော ကျက်သရေ ရ၏။ ခရဓာတ်၏အရကား ထိုကျက်သရေကို ဆောင်တတ်သော မန္တလေးမြို့၏ ပကတူပနိဿယပစ္စယသတ္တိ ရ၏။ ဧ-ပစ္စည်း အ-ပစ္စည်းအရကား သတ္တိမန္တဖြစ်သော မန္တလေးမြို့ဒြပ်ရ၏။

---

၁။ မန္တလေးမြို့တည် နန်းတည်စာတမ်း။ ၃၆၀-၉။

## ပါရာဇိကဏ် အဋ္ဌကထာ ဂဏ္ဌိကျမ်း

ဆရာတော်သည် ပါရာဇိကဏ် အဋ္ဌကထာ ဂဏ္ဌိကျမ်းကိုလည်း ဖော်ပြခဲ့သည့်အတိုင်း ရေးသားစီရင်တော်မူခဲ့သည်။ ကျမ်းဦးဂန္ထာရမ္ဘ—

၁။ ဗာတ္တိံသာသီတျာဘိသုဘံ၊ မဟာဒယာဒိကံ ဇိနံ။
နတွာ သဒ္ဓမ္မမညာပိ၊ ဒက္ခိဏေယျံ နုတံ ဂဏံ၊

၂။ သီလာဒိကေ စ ဂုရုဝေ၊ ပရိယတ္တိဝိသာရဒေ။
သိရသာ မေ ဒရံ နတွာ၊ ဗဟုဂန္ထကာရေ ဓိရေ။

၃။ မူလသောတူဟိ ယာစိတော၊ ဟာသညာဏောဘိ ဝဏ္ဏနေ။
နိဿာယေဝ ကရိဿာမိ၊ ဂဏ္ဌိကပ္ပံ ယထာဗလံ။

၄။ မီခရဟေဝ ပုရာဏေဟိ၊ အာစရိယေဟိ နိဿယေ။
သုဝဏ္ဏိတေဝ ရစိတေ၊ ဝိဇ္ဇမာနေ ပိ သောတုနံ။

၅။ ဉာဏဝစုဿ ကတတ္တာ၊ တေန သောတူဟိ ဇာနိတုံ။
န သက္ကာ ဋ္ဌကထာနျယံ၊ တသ္မာ တေသံ သုဗောဓိတုံ။

၆။ သာဓုကာရံ သုခေနေဝ၊ ဝိစိနန္တော စ သာဓုကံ။
တံ ဝဏ္ဏနေပိ နိဿာယ၊ ဂုရူနံ ပဿတံ နယံ။

၇။ ဂဏ္ဌိကပ္ပံ ကရိဿာမိ၊ ပါရာဇိကဿ ဓောဒနာ-
ဝိဿဇ္ဇနာနုသန္ဓိဟိ၊ မဏ္ဍေတွာ ယုဝသောတုနံ။

၈။ မနာပံ ဉာဏသောဘံဝ၊ တမ္ပိ ပဿန္တု ဓက္ခုနာ။
ပညာယ စ ဝိစိနန္တု၊ သမ္မုစ္ဆန္ဒာဝ သဇ္ဇနာ—

ဟူသော ၈-ဂါထာဖြင့် ရတနတ္တယပဏာမ၊ အာစရိယပဏာမ၊ အဘိယာစက၊ ကရဏပ္ပကာရ၊ ပဋိညာဉ်၊ ဥယျောဇဉ်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ၎င်းပြင်—

သဗ္ဗလောကသုခပဒေါ၊ ဇိနော ဒေတု သုခံ မမ။
သဗ္ဗဝေရာဘယာတီတော၊ ဗုဒ္ဓေါ ဝိနေတု မေ ဘယံ—

ဂါထာဖြင့် အာသီသပတ္ထနာ ထပ်မံ၍ ပြုတော်မူခဲ့သည်။

စတုတ္ထပါရာဇိကအဖွင့် ဆုံးသည့်အထိသာ စာအုပ်အဖြစ်သို့ ရောက်သည်။ ယင်းစတုတ္ထပါရာဇိကအဖွင့်၏ ဂဏ္ဌိပဒတို့ကို ပြဆိုတော်မူပြီး—

သော။ မင်းကြီးမင်းလှမဟာကျော်ထင်တိနာမေန၊ မင်းကြီးမင်းလှမဟာကျော်ထင်ဟု အမည်ရှိသော။ အန္တေပုရအမစ္စေန၊ အတွင်းဝန်အမတ်သည်။ ဘရိယာယ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုသဲနှီး ဇနီးအိမ်ရှင်မနှင့်။ သမ္မန္တယိတွာ၊ တိုင်ပင်၍။ ကတော၊ ဆောက်လုပ်အပ်သော။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဝိဟာရေ စ၊ ကျောင်း၌ရင်း။ စာရိတ္တသောဘိတဿ၊ ဒါန သီလအစရှိသော အမျိုးတို့၏အလေ့အကျင့် တင့်တယ်ထသော။ ဝိသာလဿ၊ ပြန့်ပြောကြွယ်ဝသော။ ပြည်ဘုံကျော်ခေါင် ဣတိ နာမဿ၊ ပြည်ဘုံကျော်ခေါင်ဟူသော ဘွဲ့အမည်ရှိထသော။ မုတ်ဦးဣတိဝှယဇေဋ္ဌကဿ၊ မုတ်ဦးခေါ်မှတ် အရပ်သူကြီး၏။ နေတ္တေန စ၊ မြေးလည်းဖြစ်ထသော။ စာရိတ္တသောဘိတဿ၊ အမျိုးတို့၏ အလေ့အကျင့်တင့်တယ်ထသော၊ ဘောဂသုခသေဋ္ဌိနော၊ ဘောဂသုခ သဋ္ဌေး၏။ နေတ္တေန စ၊ မြေးလည်းဖြစ်ထသော။ သဒ္ဓေန၊ ကံ ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံထသော။ မဟာဘောဂပုညသေဋ္ဌိနာ၊ မဟာဘောဂပုညသဋ္ဌေးသည်။ ဇနိယာ၊ အလှူလက်ဦး ပေးကြိုးစွာလှ အိမ်ရှင်မနှင့်။ သမ္မန္တယိတွာ၊ တိုင်ပင်၍။ ကတော၊ ဆောက်လုပ်အပ်သော။ ရမ္မေ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဝိဟာရေ စ၊ ကျောင်း၌ရင်း။ ဝသန္တေန၊ သီတင်းသုံးနေသော။

ကူးခန်းနဂရဿ၊ ကူးခန်းမြို့၏။ ပုရတ္ထိမဒိသာဘာဂေ၊ အရှေ့အရပ်မျက်နှာအဖို့၌။အစုဃောဇနပမာဏေ၊ယူဇနာခွဲ အတိုင်းအရှည်ရှိထသော။ဌာနေ၊အရပ်၌။ နေရင်းဣတိဝှယေ၊ နေရင်းအမည်ရှိသော။ ဂါမေ၊ အဆက်ဆက်သော ကျမ်းပြုပုဂ္ဂိုလ်တို့၏ သီတင်းသုံးရာဖြစ်သော ရွာ၌။ တိသု ဝိဟာရေသု၊ ပုပ္ဖာရုံ အောင်မြေဘုံသာ မဏိရတနာဟုဆိုအပ်သော သုံးရပ်သောကျောင်းတိုက်တို့၌။ ဝါရေန၊ အလှည့်အလှည့်ဖြင့်။ ဝသန္တဿ၊ သီတင်းသုံးနေသော။

နာနာဂန္ထေသု၊ ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓု လက်သန်း ဆန်း အလင်္ကာ နေတ္တိစသော အထူးထူးသောကျမ်းတို့၌။ ဆေကဿ၊ လိမ္မာတော်မူထသော။ မဟီတလေ၊ ဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဂုဏေဟိ၊ သီလ သမာဓိ စသော ဂုဏ်တို့ဖြင့်။ ပါကဋဿ၊ ထင်ရှားကျော်စောထသော။ ဂန္ထကာရကဿ၊ ဂူဠတ္ထဝဏ္ဏနာဋီကာကျမ်း ဓာတုကထာယောဇနာကျမ်း ဝိသုဒ္ဓိမဂ်ဂဏ္ဌိကျမ်း နေတ္တိပါဠိတော်နိဿယ စရိယာပိဋက အဋ္ဌကထာနိဿယ သုတ်သီလက္ခန် ပါဠိတော်ဂဏ္ဌိ သုတ္တနိပါတ်ပါဠိတော်နိဿယ စသော ကျမ်းတို့ကို ပြုတော်မူထသော။ သာရဒဿီတိ၊ သာရဒဿီ ဟူ၍။ ဂုရူဟိ၊ ဆရာတို့သည်။ ဂဟိတနာမဓေယျဿ၊ မှည့်အပ်သော အမည်ရှိတော်မူထသော။ ပုဗ္ဗာရာမစရိယဿ၊ ပုဗ္ဗာရုံဆရာတော်ဘုရားကြီး၏။ နေတ္တေန၊ မြေးဖြစ်ထသော။

## ရဟန်းသိက္ခာ ၆-၀ါ နေတ္တိဋီကာကျမ်းကြီးပြု

ရဟန်းသိက္ခာ ၆-၀ါအရတွင် "ပေဋကာလင်္ကာရ"အမည်ရှိသော နေတ္တိဋီကာသစ်ကျမ်းကြီးကို ပြုစုတော်မူခဲ့သည်။ အရှင်ဓမ္မပါလ၏ နေတ္တိဋီကာဟောင်းမှာ ပေါ်အင်္ဂါခန့် ဆင္ခါယနာမူ စာမျက်နှာ ၁၅၀-မျှသာ ရှိသဖြင့် ကျဉ်းလွန်းလှသည်။ ထိုထက်အဆများစွာ ကျယ်ဝန်းပြည့်စုံသောကြောင့် မောင်းထောင်သာသနာပိုင် အရှင်ဉာဏာဘိဝံသ၏ နေတ္တိမဟာဋီကာဟု ကမ္ပည်းသတ်မှတ် ခေါ်ဝေါ်ကြသည်။ နေတ္တိမဟာဋီကာကြီးမှာ ဘာဏဝါရ ၅၆-ဘာဏဝါရရှိကြောင်း—

ပါဠိအဋ္ဌကထာဒီဟိ၊ အဝိရောဓေ္တ ဝန္တိ သာ။
သမတ္တာ ဆပဏ္ဏာသာယ၊ ပါဠိယာ ဘာဏဝါရတော—

ဟူသောဂါထာဖြင့် ရေတွက်ဖော်ပြတော်မူခဲ့သည်။ ၆-၀ါအရ ရေးသားကြောင်းကိုလည်း "ဆဝဿာနုပဂန္တဝါ၊ အဓေ္ဆဇ္ဇာရသီလေန" ဟူသော နိဂုံးဖြင့် ခိုင်လုံစွာ သိရှိရလေသည်။

ဆရာတော်သည် ဖော်ပြပါ ပေဋကာလင်္ကာရမည်သော နေတ္တိမဟာဋီကာသစ်ကျမ်းဦး၌—

၁။ ဘဝနေတ္တိဇဟော ဓမ္မ-နေတ္တိမ္ပကာသယံ ဇနံ။
ဘဝနေတ္တိမုတ္တံ အကာ၊ ဝန္ဒေ တံ ဓမ္မသာမိကံ။

၂။ ဘဝနေတ္တိဇဟာယေန၊ ဓမ္မနေတ္တိခရာ အဟု။
သမ္မာသမ္ဗုဒ္ဓပူဇေယျံ၊ ဝန္ဒေ ဟံ ဓမ္မမုတ္တမံ။

၃။ ဘဝနေတ္တိဇဟော ယော စ၊ ဇိနောရသမုပါဂတော။
ပုညက္ခေတ္တ မသဒိသံ၊ ဝန္ဒေ တံ ဓမ္မနေတ္တိကံ။

၄။ ဓမ္မကံ ယဿ သဒ္ဓမ္မ—သံဝဏ္ဏနမကာသိယော။
ကေသရိံ ကစ္စာနဝှယံ၊ ဝန္ဒေ တံ မုနိပုင်္ဂဝံ။

၅။ ယေ ဆတ္တာယန္တိ သီလေန၊ ဝဇာယန္တိ သုခေန စ။
တေဇသာ ယေသံ စုဒ္ဒိ မေ၊ ဝန္ဒေ တေ ဂုဏသာဓိကေ။

၆။ ဣစ္စေဝံ ကတပဏာမ-တေဇသာ ရတနတ္တယေ။
ဝိသောသေတွာန သဗ္ဗတ္ထ၊ အန္တရာယေ အသေသတော။

၇။ မဟာကစ္စာနတ္ထေရေန၊ ဘာသိတာ ဓမ္မနေတ္တိယာ။
တဿာ ဝဏ္ဏနာယ သဏှ-ဂမ္ဘီရတ္ထဝိသူဒနီ။

ဝိသောဓေမိ၊ ပါဠိအဋ္ဌကထာ ဋီကာစသော ဂန္ထန္တရနှင့်အညီ ကျစ်လစ်စေ့ငုံ ကြည့်ရှုပြင်ဆင် သုတ်သင်တော်မူ၏။

သော၊ ထိုအင်္ဂုတ္တရနိကာယ် ပါဠိတော်ကျမ်း၏။ အတ္ထယောဇနာ၊ မြန်မာဘာသာသည်။ သက္ကရာဇေ၊ လူတို့ဝေါဟာ ကောဇာ သက္ကရာဇ်သည်။ ဝယက္ခာယေ၊ တထောင်နှစ်ရာ့တဆယ့်လေးခုနှစ်သို့။ သမ္ပတ္တေ၊ ရောက်သည်။ ဆတိ၊ ရှိသော်။ မာဂသီရေ၊ မိဂသီဇန်း နှစ်နန်းယှဉ်ကျ နတ်တော်လ၌။ ဇုဏှပက္ခေ၊ ငွေဝန်းနီလာ ရောင်ဝါတက်ပြန်း လဆန်းပက္ခ၏။ တေရသေ၊ တဆယ့်သုံးရက် ရေတွက်မြောက်ညီ တိထိသာမြွေ အင်္ဂါနေ့၌။ အနာယာသံ အနာယာသေန၊ အဗ္ဗါဗာဓ ကင်းဆိတ်ဘေးဘျမ်း မပင်ပန်းသဖြင့်။ နိဋ္ဌိတော၊ ချက်တိုင်ပြီးမြောက် အဆုံးရောက်၏။

စ၊ ဤသည်ခုနှစ် သက္ကရာဇ်၌ ချက်တိုင်ပြီးနောက် အဆုံးရောက်သော ကျမ်းကို ညွှန်းပြသည်မှတပါး ရှေးအတီးက ပြီးမြောက်ခဲ့ညောင်း ကျမ်းစာဟောင်းကို ပေါင်း၍ဤတွင် ပြဦးအံ့။ ပုရေ၊ လက်မွန်မဆွ ရှေးကာလ၌။ တံ ဇဏ္ဏနာယ၊ ထိုအင်္ဂုတ္တရနိကာယ် ပါဠိတော်ကျမ်း၏ အဖွင့်သံဝဏ္ဏနာ မနောရထ ပူရဏီမည်သော အဋ္ဌကထာကျမ်း၏။ နိဿယော စ၊ မြန်မာလူတို့၏ မှီရာ အတ္ထယောဇနာ မြန်မာဘာသာကိုရင်း။ ဒီဃေ၊ ဒီဃနိကာယ် ပါဠိတော် ကျမ်း၌။ ဥတ္တရိဒ္ဓိဝဏ္ဏနာ—ဥတ္တရိဒ္ဓိဝဏ္ဏနာယ၊ သုတ်သီလက္ခန် ပါဠိတော်ကျမ်း ၏ အထက်ဖြစ်သော သုတ်မဟာဝါ သုတ်ပါထေယျ ပါဠိတော်ကျမ်း၏ အဖွင့် သံဝဏ္ဏနာ သုမင်္ဂလဝိလာသိနီ မည်သော အဋ္ဌကထာကျမ်း၏။ နိဿယော စ၊ ကိုရင်း။ မယာ၊ မဟာထေရ် သဃရာဇ်ဖြစ်သော ငါသည်။ လိက္ခိတော၊ ပါဠိ အဋ္ဌကထာ ဋီကာ စသော ဂန္ထန္တရတို့ဖြင့် နှိုင်းရှည်ဆင်ခြင်၍ ရေးစီရင် အပ်ပြီ။ ပဋ္ဌိသင်္ခါယ၊ ပစ္စည်းလေးပါးတို့ကို ဉာဏ်ဖြင့်ဆင်ခြင်၍ သုံးဆောင် ကြောင်း ဖြစ်သော ပစ္စဝေက္ခဏာ ပါဠိတော်၏။ ဂဏ္ဌိ စ၊ ခဲရာခဲဆစ် ငုပ်နစ် လှိုကတ် သဒ္ဒါပုဒ်ပါဌ် အဆုံးအဖြတ်ကို သိသောဉာဏ်၏ တည်ရာဖြစ်သော ဂဏ္ဌိကျမ်းကိုလည်း။ မယာ၊ သည်။ လိက္ခိတော၊ အပ်ပြီ။

သော၊ ထိုဆိုအပ်ခဲ့ပြီးသော အင်္ဂုတ္တရနိကာယ်ပါဠိတော်နိဿျ မနောရထ ပူရဏီမည်သော အင်္ဂုတ္တိုရ်အဋ္ဌကထာနိဿျ သုမင်္ဂလဝိလာသိနီမည်သော သုတ် မဟာဝါ သုတ်ပါထေယျအဋ္ဌကထာနိဿျ ပစ္စဝေက္ခဏာဂဏ္ဌိကျမ်းတို့သည်။ အနာယာသံ—အနာယာသေန၊ သဖြင့်။ နိဋ္ဌိတာယထာ၊ ချက်တိုင်ပြီးမြောက် အဆုံးရောက်ကုန်၏သို့။ တထေဝ၊ ထိုအတူသာလျှင်။ ပါဏိနံ၊ ပေါယယ် များစွာ သတ္တဝါတို့၏။ ဟိတာသင်္ကပ္ပါ၊ ဤစ္ဆာသယတ် များမြတ်စီးပွား တရားမြင်မြော် မြတ်သူတော်တို့ နှလုံးပြည့်ကြောင်း ကောင်းသောအကြံအစည်

သာ ဟိ မဟာအဋ္ဌကထာယ၊ သာရမာဒါယ နိဋ္ဌိတာ သော။
တေနုဝုတိပရိမာဏာယ၊ ပါဠိယာ ဘာဏဝါရေဟိ။

သဗ္ဗာဂမသံဝဏ္ဏနံမနောရမေထော၊ ပူရိတော စ မေ ယသ္မာ။
တောယ မနောရထပူရဏီတိ၊ နာမံ ဌတော အဿာ—

ဟူသော ၂၂—ဂါထာဖြင့် ဖော်ပြတော်မူခဲ့လေသည်။

ဒုတိယ ဗားကရာသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပညာဇောတသည် ဖော်ပြပါ ပြောကျယ်နက်ဝှမ်း အင်္ဂုတ္တရနိကာယ်အဋ္ဌကထာကျမ်းကြီး၏ မှီရာ အတ္ထနိဿယကိုလည်း ဆန္ဒ စိတ္တ ဝီရိယ ဝီမံသတို့ဖြင့် ကြိုးပမ်းစီရင်တော်မူခဲ့လေသည်။ ၎င်းကျမ်းကြီးမှာ ပေထုပ်ငယ် ပေထုပ်လတ်များနှင့်မူ တနိပါတ် တထုပ်ဖြစ်၍ ၁၁—ထုပ်ရှိလေသည်။ ပေါင်း၍ ထုပ်လိုက်လျှင် အလွန်ကြီးသော ပေထုပ်ကြီး ၄—ထုပ်ခန့်ရှိ၏။ ဆရာတော်ကား အလွန်ဝီရိယလွန်ကဲလှချေ၏။ ယင်း အင်္ဂုတ္တိုရ်အဋ္ဌကထာနိဿယကျမ်းဦး၌—

၁။ နမဿိတွာန သမ္ဗုဒ္ဓံ၊ မဟာကာရုဏိကံ သေဋ္ဌံ။
အနန္တဉာဏသမ္ပန္နံ၊ ဘဝသာဂရမုတ္တိဏ္ဏံ။

၂။ သဒ္ဓမ္မဉ္စ ပူဇေတွာ၊ သိဝံ သန္တသုဒုဒ္ဒသံ။
သက္ယဉာဏေန ဉာတဗ္ဗံ၊ ဝိသုဒ္ဓံ သုဒ္ဓိဒါယကံ။

၃။ သံဃဿ စဉ္စလိံ ကတွာ၊ သီလာဒိဂုဏဇောတိနော။
ရာဂါဒိအနင်္ဂဏဿ၊ ပုညခေတ္တဿ တာဒိနော။

၄။ ဒုတိယဓမ္မရာဇေန၊ ဆဒ္ဒန္တနာဂသာမိနာ။
ဌပိတော သောဓနတ္ထာယ၊ ဇိနသာသနစက္ကသ။

၅။ လဒ္ဓိတော အဘိဓာနေန၊ ပရိယတ္တိ ဝိသာရဒေါ။
ဝိသုဒ္ဓါစာရသီလော ယော၊ ပရပ္ပဝါဒမဒ္ဒနော။

၆။ ဟုတွာ ပဉ္စဟာကာရေဟိ၊ အာစေရော သာသနေ မမံ။
ဝုဒ္ဓိံ ဖိတံ စ ပါပေသိ၊ နိရန္တရံ နုမာနယိ။

၇။ တံ နတွာ သိရသာ ဓိရံ၊ မဟာထေရံ သုသံဝုတံ။
သာသနေ မူလဉာဏိနံ၊ နုဂ္ဂါဟကဉ္စ မေ ဂရုံ။

၈။ ဓရမာနကာလေဝ သော၊ အင်္ဂုတ္တရာပမံ သမာ။
ဝိသောဓေဟီတိ အပေ့သိ၊ သံသန္ဒေတွာန ပါဠေဟိ။

## မိခင်ဈာပနသဘင်ကျင်းပရာ စေတီတည်တော်မူခဲ့

ရင်းပြင် မိခင်ဒေါ်ကြင်၏ ဥတုဇရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ရာ အရပ်၌လည်း ပြာသာဒ်ရှစ်ဆင့်တို့ဖြင့် တန်ဆာဆင် ဝန်းရံကာ တံဘိုင်းမီးဘားဖြင့် ဝိုက်သန်းကာရံစေ၍ စေတီတော်ကြီးကိုလည်း တည်ထားကိုးကွယ်တော်မူခဲ့လေသည်။ ယင်းစေတီကား အခြားမဟုတ်၊ မြို့မြို့ အရှေ့မြောက်ယွန်း ၁-မိုင်သာသာခန့်ကွာ ဝွေးပင်လယ်ရွာ အနောက်ဖက်ရှိ စေတီပင် ဖြစ်လေသည်[၁]။

ဇနေ့တ္တိ ဒေဟာဈာပန-ဌာနေပိ ဌာနကောဝိဒေါ။
ထေရသေဋ္ဌော သံဃရာဇာ၊ စေတိယံ အကာရိ ဟိ ခေါ။

## မြို့ရွာ၌ ကျောင်းဆောက် သိမ်သမုတ်တော်မူခြင်း

သာသနာပိုင် ဒုတိယဗားကရာဆရာတော်ဘုရားကြီး အရှင်ပညာဇောတသည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မြို့ရွာ၌ ရံခါကိုးကြား ကြွတော်မူ၍ ဉာတတ္ထစရိယအကျင့်ကို ကျင့်တော်မူသည်။

ဆရာတော် သီတင်းသုံးတော်မူရန် ကျောင်းတော်ကိုလည်း ရေမြေရှင်အား ဆောက်စေတော်မူခဲ့ရာ မြို့ရွာ၌ (ယခုမြို့မြို့ မြောက်ဘက် ဝွေးပင်လယ်ရွာ အနီး၌) ကျောင်းတော်ဟု ကြာမြင့်စွာ ထင်ရှားခဲ့သည်။ ယခုမူ ကျောင်းရာမျှသာ ရှိတော့၏။

## သိမ်သမုတ်တော်မူခြင်း

သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပညာဇောတသည် ကျေးဇူးရှင် မိခင်ကြီး ဒေါ်ကြင် ကွယ်လွန်စဉ်က "ပဏ္ဍိတာဘိဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဗန်းမော်ဆရာတော်စသည့် တပည့်ကြီးများ အပါအဝင် သံဃာတော် ၁၀၀-ခန့်နှင့်တကွ မိခင်၏ ဥတုဇရုပ်ကလာပ်ကို သင်္ဂြိုဟ်ရန် မြို့ရွာသို့ ကြွတော်မူခဲ့သည်။ ထိုစဉ်က ဥပုသ်ပြုရန် ဥပုသ်နေ့နှင့်လည်း ကြုံကြိုက်သည်။ သို့ဖြစ်၍ ချက်ချင်း သိမ်သမုတ်တော်မူ၍ သံဃာ့ဥပုသ်ပြုတော်မူသည်[၂]။ ယင်းသိမ်မှာ နောက်တွင် သားနားလှပသော သိမ်တန်ဆောင်းဝန်းဖြင့် ကြာမြင့်စွာ တည်ရှိခဲ့၏။ ယခုမူ နေရာမျှသာ တည်ရှိလေတော့၏။

---

၁။ ဆရာတော်၏ မိဘများမှ အဆက်အသွယ်ရှိရာ ကိုင်းရွာရွှေပြောင်းနေတန်တူ၏။

၂။ ရေမြေ့ရှင် မင်းတရားထံမှ ဝိသုံဂါမအမိန့် ကြိုတင်ယူခဲ့ကြောင်း ယူဆခဲ့ပါမည်။

တနင်္ဂနွေနေ့ သာသနာတော်မြတ်ကို ကြည့်ရှုစောင်မစိမ့်သောငှာ "ပညာဇောတာဘိဝံသသီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော တံဆိပ်တော်နှင့်တကွ သာသနာတော်မြတ်ကို အပ်နှင်းတော်မူသဖြင့် ကိုးကွယ်တော်မူအပ်သော သံဃာဓိပတိသံဃရာဇာ ဖြစ်သောဆရာတော်သည် စီရင်ရေးသားအပ်သောအင်္ဂုတ္တရနိကာယ် ပါဠိတော်၌ ကေကအစ[၁] ပဥ္စကအဆုံးရှိသော ပါဠိတော်မြတ်၏ မြန်မာတို့၏ မှီရာနိဿယ ပဌမထုပ်သည် သာသနာတော် ၂၃၉၅-ခုနှစ်၌ ပဉ္စင်္ဂုတ္တရပါဠိတော်နိဿယမူသစ်ကို ရေးကူး၍ ပြီးအောင်မြင်သည်-

ဟူ၍ ပါရှိသောစကားဖြင့် သိသာသည်[၂]။

ဆရာတော်သည် ပဥ္စကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်နိဿယအပြီး ဆက္ကနိပါတ်နိဿယစသည်ကို မပြုမစီရင်မီ ရှေးဦးစွာ-

၁။ ဆသာခရဏိကော ဗုဒ္ဓေါ၊ ဒေသော အင်္ဂုတ္တရာဂမံ။
ဆင္ဂုဏ်ပါဠိအာဒိကံ၊ အာဂမံ သုဝိသောဓိယ။

၂။ ကရိဿံ သံဃရာဇာဟံ၊ ဒုတိယံ နိဿယံ သုဘံ။
တံ သာဓဝေါ နိသာမေထ၊ ပဿထ ဉာဏစက္ခုနာ။

ဆသာခရဏိကော၊ အာသယာနုသယဉာဏ်အစရှိသော ခြောက်ပါးသော အသာခရဏဉာဏ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဆင္ဂုဏ်ပါဠိအာဒိံ၊ ခြောက်ပါးသောအင်္ဂါနှင့် ပြည့်စုံသော ဆင္ဂုဏ်တ္တရပါဠိ အစရှိသော။ ယံ အင်္ဂုတ္တရာဂမံ၊ အကြင်အင်္ဂုတ္တရနိကာယ် ကျမ်းကို။ ဒေသေသိ၊ ဟောတော်မူပြီ။ သံဃရာဇာ၊ သံဃရာဇာဖြစ်သော။ အဟံ၊ ငါသည်။ တံ အာဂမံ၊ ထိုဆင္ဂုဏ်တ္တရပါဠိအစရှိသော အင်္ဂုတ္တရနိကာယ်ကျမ်းကို။ သုဝိသောဓိယ၊ ပုဒ်ပါဠိအက္ခရာ မှန်ကန်စွာ သုတ်သင်၍။ တဿ အာဂမဿ၊ ထိုဆင္ဂုဏ်တ္တရပါဠိအစရှိသော အင်္ဂုတ္တရနိကာယ်ကျမ်း၏။ သုဘံ၊ အနက်သဒ္ဒါ မှန်ကန်စွာပြ၍ ကောင်းမြတ်သော။ ပုဗ္ဗေဗန္ဓေန၊ အထုပ်ဖွဲ့သောအားဖြင့်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ နိဿယံ၊ မြန်မာတို့၏ မှီရာနိဿယကို။ ကရိဿာမိ၊ ပြုပေအံ့။ တံ၊ ထိုမြန်မာတို့၏ မှီရာနိဿယကို။ သာဓဝေါ၊ သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ သင်တို့သည်။ နိသာမေထ၊ စိတ်နှလုံး၌ သိမ်းထားကုန်လော့။ ဝါ၊ ထားကုန်လင့်။ ဉာဏစက္ခုနာ စ၊ ဉာဏ်တည်းဟူသော မျက်စိဖြင့်လည်း။ ပဿထ၊ ရှုကြည့်ကုန်လော့-

---

၁။ ထိုစဉ်က ကေကကို ဧကေ-ဟု ရေးသည်။
၂။ အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ၊ ၂။ ၂၀၇။

ဟူသော ၂-ဂါထာပါဠိနိဿယဖြင့် ပဋိညာဉ် ဥဒါန်းကျူးဇဉ် ပြုတော်မူခဲ့လေသည်။ ဆရာတော်သည် အင်္ဂုတ္တိုရ်သတ္တကနိပါတ်နိဿယရေးအပြီး အောက်ပါအတိုင်း ဆုတောင်းပန်ထွာ ပတ္ထနာပြုတော်မူခဲ့လေသည်။

## သတ္တကနိပါတ်နိဿယ အပြီးဆုတောင်း

ကြွမိနာ ပုညကမ္မေန စ၊ ဤသို့ ယခု ရေးသားပြုစုရသော ကောင်းမှုကုသိုလ်ကံကြောင့်။ နိဗ္ဗာနဂတံ၊ နိဗ္ဗာန်သို့ ရောက်သည့်တိုင်အောင်။ ဘဝါဘဝေ၊ ဘဝတိုင်း ဘဝတိုင်း၌။ ဓမ္မိကမနုဿဒေဝရာဇာနံ၊ တရားစောင့်သော လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏။ ဗြဟ္မဝိဟာရံ၊ မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာ အစရှိသော ဗြဟ္မစိုရ်တရားကို။ ပုရက္ခိတွာ၊ ရှေ့သွား၍။ ဓမ္မေန သမေန၊ တရားနှင့်အညီ၊ ရက္ခိတဥ္စာနေ၊ ကြည့်ရှုစောင့်ရှောက်ရာဖြစ်သော။ ကုလသေဋ္ဌေ၊ မြတ်သောအမျိုး၌။ သုရူပယောသသဘောဂေဟိ၊ လွန်ကဲထူးမြတ်သော အဆင်းအသံ အခြံအရံစည်းစိမ်ဥစ္စာ ရတနာမျိုးအပေါင်းတို့နှင့်ငင်း။ တိက္ခိန္ဒြိယေဟိ၊ ထက်မြက်လွန်ကဲသော သဒ္ဓါပညာဝီရိယသမာဓိဟု ဆိုအပ်သော ဣန္ဒြေတို့နှင့်ငင်း။ သမ္ပန္နော၊ ပြည့်စုံသည်၊ ဘဝါမိ၊ ဖြစ်ရပါလို၏။ အသန္တေ၊ စဉ်းလဲကောက်ကျစ် ဆိုးညစ်ကြမ်းတမ်းသော လူ နတ်ယုတ်တို့ကို။ ဇိဂုစ္ဆိတော။ စက်ဆုပ်လျက်။ အာရကာ၊ ဝေးစွာ။ ပရိဝဇ္ဇေမိ၊ ရှောင်ကြဉ်နိုင်ရပါလို၏။

## အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ ပြီးချိန်

အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ ပြုစီရင်၍ပြီးချိန်မှာ သက္ကရာဇ် ၁၂၀၅-ခုနှစ်က ဖြစ်သည်။ ဆရာတော်သည် ဤစာရေးရ မြတ်ပုညကြောင့် အဂ္ဂသာဝကၡ၏ အခြေအအမြစ် အရင်းစစ် ဖြစ်ရလိုကြောင်း "အဂ္ဂသာဝကပါဒကံ၊ အဂ္ဂသာဝက၏ အခြေအမြစ် အရင်းစစ်သည်၊ ဟောတု၊ ဖြစ်စေသတည်း" ဟူသော စကားဖြင့် တောင်းဆုခြွေတော်မူခဲ့သည်[၂]။ ဆရာတော်သည် ယင်း အင်္ဂုတ္တိုရ်ပါဠိတော်နိဿယကို "တေဇာဘိခဇမဟာဓမ္မရာဇဂုရု" တံဆိပ်တော်ရ တပည့်ကြီးကို လိုက်နာရေးကူးစေ၍ စီရင်တော်မူသည်။

---

၁၊ အင်္ဂုတ္တိုရ်နိဿယ၊ ၂၊ ၄၉၀။
၂။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ၊ ၃၊ ၅၂၀။

သာလျှင်။ တထာ၊ အမရပူရ စတုတ္ထသင်းကျစ် ကေရာဇ်မင်းမြတ် သမုဘိနတ်သည် ပြီးစေအပ်သောကျောင်းတော်နှင့်အတူ။ သပါသာဒါနုဝိဟာရံ၊ သော။ ဝသုရှုပေဟိ၊ ဣင္ဒကန္တ(လ)တသိန်းမကသောအရပ်တို့ဖြင့်။ ဝိစိတြံ၊ ထသော။ ဝိဟာရံ၊ ယခေါင်သမ္ဘာ ကမ္ဘာဘဝက ပါရမီကဲမြင့် ရဲရင့်သမ္ဘာ ကြီးမြင့်တေဇာ အာဏာကဲဆောင်း ရှေးဘုရားလောင်းလျာဖြစ်သောသူတို့သည်သာလျှင် ပေးလှူခံစံထိုက်သော စမြင်နှင့်တကွ ဘုံလေးဆင့်ရှိသော ကျောင်းတော်ကို။ နိဋ္ဌာပေတွာ၊ ပုံယင်မသေ့ ရွှေငွေကုန်တွက် မငဲ့ကွက်ပဲ ဖိုလ်မက်ပန္တူ နိဗ္ဗူမကုဋ္ဌ သျှောင်ဦးခြယ်သ တင်ပသွေးချို ဆင်ရလိုသော ဥဏ္ဏှဋ္ဌဇောဖြင့် ချက်ကုန်မသေ့ ပြီးစေတော်မူလတ်၍။

ရာဇိနော၊ တိုင်းနိုင်ငံသူ ဗိုလ်လူအပေါင်းတို့အား သဿမေစသည် လေးပါး သင်္ဂဟတရားတို့ဖြင့် နှစ်သက်မြတ်နိုးစေအပ်သော။ တဿ ဘူပဿ၊ ထိုသောင်းရွှေမျက်မှန် ဆဒ္ဒန်သခင် ဘုရင်မင်းမြတ် သမုတိနတ်အား။ အပ္ပေသိ၊ ပုဗ္ဗေကတ ပုညာဘာစက်ကြောင့် မဖက်သမ္ဘာ အလျှဉ်ပါသဖြင့် အသက်တမျှကြည့်ရှုမှိုင်းမ ဌာနန္တရ ချီးပအထူး ကျေးဇူးရှင်ဖြစ်၍ အသစ်တစေ ပါရမီမိတ်ဆွေဖြစ်ပေဘမုံ့ဟု မနောထဲသွင်း ဆောင်နှင်းဆက်သ၏။

ဘဏ္ဍာဂါရိပိ၊ ရွှေငွေခေါ်မှတ် ဥဿဖယား ပြယိုးယားစသော ဖိုးထိုက်ဘဏ္ဍာ ရတနာတို့၏ သိုမှီးရာဖြစ်သော ရွှေဘိုက်တိုက်ကို ဣဿရိယစသောဂုဏ်ဖြင့် ပိုင်သစိုးအုပ်ချသော ရွှေတိုက်ဝန်မင်းသားသည်လည်း။ တတ္ထေဝ၊ ၎င်သာလျှင်။ တထာ၊ တူ။ သာနုဝိဟာရံ၊ လူဗိုလ်အစုံတို့၏မျက်စိ၌ ကောင်းစွာယူဆောင်၍ သွန်းလောင်းဘိုသည့်သဖွယ် တင့်တယ်မျိုးစု ဆေးရှုရာဖြစ်သော အနောက်ဘောဂဆောင်နှင့်တကွသော။ ဝသုရှုပေဟိ၊ တို့ဖြင့်။ ဝိစိတြံ၊ ထသော။ ဝိဟာရံ၊ ဝိစိတ္တတာပစိဘ သမ္ဘာရထဲနှီး ခိုင်ဖြိုးပါရမီ စာဂီချင့်မာလောင်းလျာဖြစ်သော သူတို့သည်သာလျှင် ပေးလှူခံစံထိုက်သော စမြင်နှင့်တကွ ဘုံလေးဆင့်ရှိသော ကျောင်းတော်ကို။ ကာရေတွာ၊ မစွေ့ခွာချွတ် ကြည်ညွတ်သဒ္ဒါ စေတနာဖြင့် ဇာတရူပရဇတအချို ကုန်ဘိမမှတ် သာဟဘ္ဘကသွန်ပြပတ္တကုတ် ပြုလုပ်စေ၍။ ရာဇ်နော၊ သော။ တဿ ဘူပဿ၊ အား။ အပ္ပေသိ၊ ကုသိုလ်သမ္ဘာ အလျှဉ်ပါသဖြင့် ဌာနန္တရ ချီးပအထူး ကျေးဇူးရှင်ဖြစ်၍ အသစ်တစေ ပါရမီဉာဏ်ဆွေ ဖြစ်ပေတမုံ့ဟု မနောထဲသွင်း ဆောင်နှင်းဆက်သ၏။ သော ဘူပေါ၊ သည်။ တေ၊ ထိုဆိုအပ်ပြီးသော အစ္ဆရိယ အဗ္ဘုတပုဗ္ဗ မနောဝိလာသ အတိလလိတဖြစ်သော ကျောင်းတော်သုံးရပ်တို့ကို။ (ဤကားထည့်) မယှုံ၊ ဂုဏ်နာယက စုံအင်ရှစ်ဝ သာသနဓ္ဓဇာတ ပါမောက္ခကြီး မထေရ်သံဃရာဇ်ဖြစ်သောငါ၏။ ဟတ္ထေ၊ လက်တော်၌။ ဒက္ခိဏောဒကံ၊

တေ နဝုတျာဓိကနဝသတဒိဝသေန သဟ ဧကူနဝီသတိ နာဍိယာ ပရိပုဏ္ဏေ ဟောဝ ဝဿေ။ မာသာဓိကစုနသဋ္ဌိတံ ဝဿာဓိကစုန္နံ ကာတဗ္ဗံ။ တေရသဝီတိအင်္ဂအဋ္ဌသတသဟိတံ ဧကသဟဿဒိဝသံ ပဋ္ဌာယေဝ ဝဿေ ဒိဝသော အာကဍ္ဍိတဗ္ဗော။

ဧသ္မာ ကုမသ္မိံ သံဝစ္ဆရေ အဓိမာသပတနကောဝါရေ လဒ္ဓဗ္ဗာယ နဝုတျာဓိကနဝသတဒိဝသေန သဟ ဧကူနဝီသတိ နာဍိယာ သမ္ပုဏ္ဏတ္တာ စ သူရိယမာသတော စန္ဒရမာသာဓိကဿ စ အဒ္ဓေ ဧကရာသိမှိ အမာဝသိယာ။ ဒွိက္ခတ္တုံ ဝသနဿ ဇာတိ ဣမေသံ ဝေဓလ္လတ္တာ စ မာသာဓိကစုနသဋ္ဌိတံ ဝဿာဓိကစုနဒွ ဒိဝသာဓိကစုနဒွာတိ ဒွေပိ နာကဍ္ဍိတဗ္ဗာနီတိ။ ကသ္မာ ပနာတိ။ ဂတကလိယုဂတော နဝ ဂြိ သတ္တ တိဏိ ပဟိနေန္နေ ဝိညာတဿ မရမ္မ ကလိယုဂဿ တေပဏ္ဏာသာဓိက ဒွိသတယုတ္တ ဧကသဟဿံ သမ္ပတ္တသံဝစ္ဆရေယေဝ မာသဿ စ ဒိဝသဿ စ အာကဍ္ဍိတတ္တာ။ ဝုတ္တနယေန စတုရာသီတိအဓိကေ အဋ္ဌသတဧကသဟဿသမ္ပုဏ္ဏဒိဝသေယေဝ ဧကဝါရံ မာသာဓိကစုနဿ ဖုဋ္ဌတ္တာ ကုမံ သံဝစ္ဆရံ အတိက္ကမိတွာ အာဂမိသံဝစ္ဆရေယေဝ မာသာဓိကစုနေန ဒိဝသော အာကဍ္ဍိတော ဘဝိဿတိ။ ဧသ္မာ ဧသ ကုမသ္မိံ သံဝစ္ဆရေ ဒိဝသသမ္ပုဏ္ဏဿ စတုသတာဓိကာနံယေဝ လဒ္ဓဗ္ဗတ္တာ ကုမသ္မိံ သံဝစ္ဆရေ မာသောပိ ဒိဝသောပိ နာကဍ္ဍိတဗ္ဗောတိ။

ဝိနယာလင်္ကာရဋီကာယံ ပန ကလိယုဂဂဏနေတိအာဒိနာ အဓိမာသပတနဿ ဝုတ္တဋ္ဌာနေပိ ယထာဝုတ္တမရမ္မကလိယုဂဂဏန်ယေဝ ဌိတံ ကတွာ ဧကူနဝီသတိဂဏနေန ဘာဇိတေ သေသာ အဓိမာသာတိ ဝုစ္စန္တိ။ နစေတုယုဂေသု ပဋိယာပန္နံ ကလိယုဂဂဏနံ ဌိတံ ကတွာ ဧကူနဝီသတိဂဏနာယ ဘာဇိတာ သေသာ အဓိမာသာတိ။ ကလိယုဂေတိ ဝုတ္တေပိ မရမ္မကလိယုဂဿ ဂဟိတ ဘာဝေါ စ ဝိနယာလင်္ကာရဋီကာစရိယေနေဝ ရစိတအဓိမာသပကရဏံ ပဿိတွာ မရမ္မရဋ္ဌေ တထာ ပဟာဏာဿ ပါကဋတ္တာ စ ပစ္စေတဗ္ဗော။ အထ ပန ကလိယုဂံ ဌိတံ ကတွာ ဘာဇိတုံ ဣစ္ဆေယျာထ။ ဧဝံ သတိ နဝတိ သာဓိကာနိ သတ္တသတ တိသဟဿဂဏနာနိ ဂတကလိယုဂဂဏနေ လောပံ ကတွာ သေသေ ကလိယုဂေ ဧကူနဝီသဂဏနေန ဘာဇိတေယေဝ သေသာ အဓိမာသာတိ ဝုတ္တာတိ ဒဋ္ဌဗ္ဗာ။ ဧသ္မာ ရာဇာဓိမာသံ ဝဍ္ဎိတွာပိ အဓိကရဏံ ကတွာပိ ကုမသ္မိံ သံဝစ္ဆရေ မာသာဓိကစုနံ အကတ္တဗ္ဗမေဝ။

ဝေဒသမယေ ကိရစ္စာဒိပါဌော ဝိဝါဒကာရကာနံ ပဋိပက္ခကာရဒီပကော ပါဌော ဥဒါဟု ဥပကာရကိယဿာတိ မတော။ လ။ တံပါဌော ဝါတိ ဧတ္ထ။ ဝုစ္စတေ— ဝေဒသမယေ ကိရစ္စာဒိပါဌော ဝိဝါဒကာရကာနံ ကုမံ နယံ နိဿာ-

ပကာသိတတ္တာ အယောနိသော ဂဟေတွာ ဝိဝါဒကာရယောဝ ပကာသကပါဠော။ နဋီကာစရိယဿ အဘိမတဘာဝဿ စ သာသနိကာနံ ပဋိပန္နာကာရဿ စ ဒီပကော။ တထာပိ ဝိနယာလင်္ကာရဋီကာစရိယေနေဝ အဓိမာသဂန္ထေ သတ္တဝိဓအဓိမာသဝသေန မာသာကစုန္ဒိနိစ္ဆယဿ အတ္တနာ အဘိမတဘာဝေန ပကာသိတတ္တာ သော ပါဌော ဋီကာစရိယာဘိမတဒီပကောတိပိ ဝုစ္စတိ။

ဣမသ္မိံ ဋီကာပါဌေ အာဂတံ ရာဇာဓိမာသံ ပုဗ္ဗကာ မရမ္မမဟာထေရာ တုမှေ ဝါ သစ္စတော တထတော ဂဟေတွာ အာကစုန္ဒိ ပဋိပဇ္ဇိံသူတိ စေ။ ဝုစ္စတေ—တဋ္ဋီကာယံ ဟိ တသ္မိံ စ ဂန္ထေ ဒီပိတံ ဧကူနဝီသတိဂဏနေန ဘာဇိတံ သေသံ အဓိမာသန္တိ အာဒိနာ ဝုတ္တနယေန အာဂတံ ရာဇာဓိမာသံ ပုဗ္ဗကာလေယေဝ မဟာထေရာဒယော ဂဟေတွာ တံ နယံ နိဿာယ အာကစုန္ဒိ ပဋိပဇ္ဇိံသု။ ဣဒါနိ ပန န အာကစုန္ဒိ န ပဋိပဇ္ဇန္တိ။ ကသ္မာတိ စေ။ တဒေတာ အတိသုခုမဘာဝံ ဉတွာ သူရိယသိဒ္ဓန္တမလမာသံ တဗ္ဗဂန္ထေဟိ စ အညေဟိ စ သမံ ဂတံ ကတွာ သဓဏဆာဇာမစ္စပြာဟ္မဏပဏ္ဍိတာ နဝံ နယံ နိဿယိံသု။ တသ္မာ ဣဒါနိ တံယေဝ နဝံ နယံ နိဿာယ ဝဿုပါကစုန္ဒိဝါသာကစုန္ဒာနိ ကတွာ ပဋိပဇ္ဇန္တီတိ။

မရမ္မရဋ္ဌေ မဟာထေရာဒယော ပန အသိဘာဝါရေ ဥပဂတာတိ စ။ အသိတာဝါရဿ စ ပါဠိပဒတိထိယာ ဝိယုတ္တတ္တာ။ အပရဇ္ဇုပဂတာယ အာသာဠှိယာ ပုရိမိကာ ဥပဂန္တဗ္ဗာတိ ဝုတ္တာယ ပါဠိယာ န သမေတီတိ စ ကူရုပဘာထေရာ ဝဒန္တီတိ ဧတ္ထ ပန ဘောဟိ အာယသ္မန္တေဟိ လင်္ကာဒီပိကေဟိ န ဧဝံ မညိတဗ္ဗံ၊ ဧဝံ ပန မညိတဗ္ဗံ—“ဇမ္ဗုဒီပိကာ မဟာထေရာ ပါဠိယာ ဝေဒသမဓယေန စ အဓိခရာမံ ဉတွာ ဧဝံ ဝဿုပဂတာ”တိ။ တတ္ထ ကထံ ပါဠိယာ အဓိခရာမော ဉာပေတဗ္ဗောတိ။ ဝိနယာလင်္ကာရဋီကာယံ ဝိစာရိတာကာရေနေဝ။ ဝုတ္တံ ဟိ ဘဂဝတာ ဒုဝိန္နံ ဝဿူပနာယိကာနံ ဥပဂမနကာလံ ဒဿေတုံ အပရဇ္ဇုဂတာယာတိ အာဒိနာ ပါဠိံ အာဟရိတွာ တဿာ ပိဏ္ဍတ္ထဉ္စ ဒဿေတွာ အတ္တနော ဝစနံ သာဓေတုံ အဋ္ဌကထာယ ဒွိသု ဋီကာသု စ ဝုတ္တဝစနာနိ အာဟရိတွာ ပါဠိပဒတိထိသဒ္ဒေဟိ ဝဿူပဂမနံ ဒဿေတွာ နိဂမေန္တော။ ဧဝံ ပါဠိအဋ္ဌကထာဋီကာသု ပါဠိပဒတိထိသဒ္ဒေဟိ ဝဿူပဂမနံ ဝုတ္တံ၊ န ဝုတ္တံ အမုကတိထိယောဂေတိ ဝါ အမုကနက္ခတ္တယောဂေတိ ဝါ။ တသ္မာ ပါဠိပဒတိထိသဒ္ဒေ ပါဠော အရုဏုဂ္ဂမနတော ပဋ္ဌာယ သကလဒိဝသံ သကလရတ္တိံ ဝါ ယာဝ ဒုတိယအရုဏုဂ္ဂမနာ ယထာရုစိတေ ကာလေ ဝဿံ ဥပဂန္တဗ္ဗန္တိ။

အပရာနိပိ ဝုတ္တဝစနာနိယေဝ အာဝိကတွာ ပါဠိအဋ္ဌကထာယ ဋီကာသုံ စ ကိဉ္စိဂန္ထေသုပိ ပုဏ္ဏာတိထိယာ ယောဂေ ဧဝ ဝဿံ ဥပဂန္တဗ္ဗံ၊ န ပနာ

ယောဂေ။ ဥတ္တရာသာဠှနက္ခတ္တယောဂေယေဝ၊ န သရဝဏ္ဏနက္ခတ္တယောဂေတိ အာဒိနာ အဝုတ္တတာယ စာတုဒ္ဒသီ ပဉ္စဒ္ဒသီ ဥပေါသထဒိဝသတော အညသ္မိံ ဒိဝသေ ဝဿူပဂမနကာလေ ပုဏ္ဏာတိထိ ဥတ္တရိတ္တရာသာဠှနက္ခတ္တယောဂမေဝ ဂဝေသန္တာ။ မာသဒိဝသာကဍ္ဎနေသု ဒွိန္နံပိ အာကဍ္ဎနံ ဝါ ဧကေကာကဍ္ဎနံ ဝါ အာကဍ္ဎနဿ စ ဒေါသံ ဒဿေတွာ။ ဘဂဝတိ ဂါရဝန္တာ ဧဝံ န ဂဏှန္တီတိ ဝတွာ တေသဉ္စ ဝါဒံ နိဝါရေတွာ ပဟေဏကာရံ ဒဿေန္တေန။ တိထိနက္ခတ္တယောဂေါ ပန ဥပေါသထဒိဝသေယေဝ ဗဟုဓာ ပိဋကတ္တယေ အာဂတော။ ပေါရာဏဝေဒင်္ဂေသု စ ပသံသိတော။ ကဒါစိ ပန ဝေါဟာရကာလော တိထိယာ နက္ခတ္တေန စ ဝိသမော ဟောတိ။ တသ္မာ တံ သမေတုံ အဓိမာသပတနကာလေ မာသံပိ ဒိဝသံပိ အာကဍ္ဎန္တိ။ တသ္မာ အညသ္မိံ ကာလေ ဝိသမေပိ အာကဍ္ဎနကာလေ သမာပေတဗ္ဗံ။ ဧဝံ သတိ မာသဥတုသံဝစ္ဆရာနံ သမဘာဝေါ ဟောတီတိ ဒဋ္ဌဗ္ဗန္တိ စ ဝုတ္တံ။

ဣမိနာ နယေန ပါဠိယာ အဋ္ဌကထာယ ဋီကာဂန္ထေဟိ စ သမေတီတိ န သမေတီတိ ဝါ ဝိရောဓော ဟောတီတိ ဝါ အဝိရောဓော ဟောတီတိ ဝါ ဣတိ အာဒီနိ သဗ္ဗာနိ ဝိတ္ထာရဝစနာနိ ဝိနယာလင်္ကာရာစရိယေနေဝ ဝိစာရိတာနိ။ တသ္မာ တာနိ န ဝိစာရယိဿာမ။ တာနိ စ ဩလောကိတမတ္တေန လင်္ကာဒီပိကေဟိ မဟာထေရေဟိ စ သုခေနေဝ ဉာတဗ္ဗာနိ။

ဝေဒသမယေန အဝိရောဓော ပန ပုဗ္ဗေ ပကာသိတောယေဝ။ တသ္မာ လင်္ကာဒီပိကာနံ ဇေဋ္ဌာနံ မရမ္မဝံသိကာနံ မဟာထေရဝရာနံ ဣမသ္မိံ သံဝစ္ဆရေ ဝဿူပကဍ္ဎနာကဍ္ဎနဿ ယုတ္တာယုတ္တဘာဝယောဂံ ဝိဝါဒဝစနံ အကတွာ သုခံ ဝိဟရိတုံ။ ဇမ္ဗုဒီပေ မရမ္မရဋ္ဌေ ပုဗ္ဗကာနံ ပဏ္ဍိတာနံ နယံ နိဿာယ အမှေဟိ ဒဿိတဿ မာသဒိဝသာကဍ္ဎနာကဍ္ဎနဿ ယုတ္တာယုတ္တဝိနိစ္ဆယဿ အတ္ထံ သလ္လက္ခေတွာ မာသဒိဝသာနိ အာကဍ္ဎိတဗ္ဗာနိ ဝါ နာကဍ္ဎိတဗ္ဗာနိ ဝါတိ နိစ္ဆယံ ဂဟေတွာ ယထာ ဇမ္ဗုဒီပေ မရမ္မရဋ္ဌေ အနေကသတာ မဟာထေရာ အဘေဒံ ကတွာ ဝဿူပါကဍ္ဎနံ ဝါ ဒိဝသာကဍ္ဎနံ ဝါ နာကဍ္ဎနံ ဝါ ဧကတော သမဂ္ဂါယေဝ ကတွာ သဗ္ဗေ ဧကဂ္ဂါ ဧကဝါဒါ သမဂ္ဂါ ဟောန္တိ။ ဧဝမေဝ လင်္ကာဒီပိကာ မဟာထေရဝရာပိ အဘေဒံ ကတွာ ဧကဂ္ဂါ ဧကဝါဒိကာ သမဂ္ဂါ ဟုတွာ ဖာသုကံ ဝိဟရန္တူတိ။

သမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနတော စတုသတာဓိကဒွိသဟဿေ ဆတ္တိံသတိမေ သံဝစ္ဆရေ သာဝဏမာသဿ ဇုဏှပက္ခပဉ္စမိယာ ပါဋိပဒဒိဝသေ စန္ဒဝါရေ လိခိတွာ ပေဟိတမိဒံ သန္ဒေသပဏ္ဏံ ဇမ္ဗုဒီပတော လင်္ကာဒီပန္တိ။

ခါရာဘိခါနော နာမ ထေရော ပန အမှာကံ အမရပူရနိကာယမဟာတိတ္ထနဂရေ ပုဗ္ဗေ ဌိတဂဏပါမောက္ခဂဏာစရိယသိရီသဒ္ဓမ္မာ ရာမ မဟာထေရဝရဿ သိဿော သုပေသလော သိက္ခာကာမော သဒ္ဓါသတ္တမဗ္ဗိနယာဒိသုကတပရိစယော နိစ္စမေဝ သာသနာဘိဝုဒ္ဓိယာယောဝ ဝါယမတိ၊ ဝံသာနုရက္ခေနေပိ ဟေယာသာဟော။ ဣဒါနိ သောပိ မဟာတိတ္ထနဂရေ အမှာကံ နိကာယပါလကော ဂဏပါမောက္ခော ဂဏာဝါစကော။ အဟမ္ပိ တေဿ ကမ္မဝါစာစရိယော ကေကုလိကော ကေဝံသိကော။ မမ ဉာတကော စ ဟောတိ။

သော ခေါ ပန ဘန္တေ တေရဟိ မဟာခေတ္တန ဥဿာဟေန ဇိဝိတန္တရာယမ္ပိ အဂဏေတွာ မဟာသမုဒ္ဒံ တရိတွာ လင်္ကာသာသနာဘိဝုဒ္ဓိကာမော ထေရာဝရာနံ သန္တိကာ ပိဟယမာနော ပတ္ထယမာနော ဒုက္ခေန ကသိရေန အာဂစ္ဆတိ။ တသ္မာ တုမှေ ဘဒ္ဒန္တာ မဟာပုညာ မြမ္မာ ဒေသဝါသိနော သံဃရာဇမဟာထေရဝရပမုခါ သဗ္ဗေပိ ဂဏာဝါစကဂဏပမုခါနုဝံသာနုရက္ခတာ သာသနနုကမ္ပကာ လောကာနုကမ္ပကာ မဟာထေရာနုထေရာ တေဿ သိရီသဒ္ဓမ္မာခါရာဘိခါန ထေရဿ စ အမှာကံ လင်္ကာဒီပိကသဗ္ဗမြမ္မာဝံသိကာနံစေဝ လင်္ကာသာသနဿ စ တုမှာကံ မဟာကာရုဉတံ ပတ္ထရိတွာ ဣမိနာ ထေရေန အာကင်္ခမာနသာသနုပတ္ထမ္ဘကိစ္စံ ဂရုံ သလ္လက္ခေတွာ ခိပ္ပမေဝ ယထာဇ္ဈာသယဝသေန သမိဇ္ဈာနာကာရံ ကရောန္တု။ ဘောန္တော မဟာထေရဝရာ သော ထေရော ယတ္တကံ ကာလံ တုမှေ မယာ ထေရာ ဧဝ အာရက္ခံ ကရောတု။ ဘဒ္ဒန္တာနံ ယေဝ ဘာရန္တိ ဉာတဗ္ဗံ။ ဣဒံ ဂါရဝဗဟုမာနပုဗ္ဗင်္ဂမသာသနပဏ္ဏံ မယာ လင်္ကာဒီပေ အမရပူရဂဏပမုခါနုသိရီသဒ္ဓမ္မဝံသပါလသိရီသုမင်္ဂလမဟာနာယကထေရေန သမ္ဗုဒ္ဓပရိနိဗ္ဗာနတော စတုသတာဓိကာနံ ဒွိန္နံ ဝဿသဟဿာနမုပရိ ဒွိတာလီသတိမေ သံဝစ္ဆရေ မာဃမာသဇုဏှပက္ခဒသမိယံ ပေသိတန္တိ ဒဋ္ဌဗ္ဗံ။

## သီဟိုဠ်ကျွန်းသို့ ပြန်ပေးသော သန္ဒေသကထာပါဌ်

အထက်ဖော်ပြပါ သန္ဒေသကထာကို ဆောင်ယူလာသော အရှင်သိရီသဒ္ဓမ္မာခါရနှင့် နောက်ပါရဟန်းတော်တို့သည် သီဟိုဠ်ကျွန်းမှကူး၍ ကြွလာတော်မူကြရာ ရန်ကုန်မြို့သို့အရောက် ကျောက်ကြီးရောဂါနှင့် မထေရ်နှစ်ပါးပျံလွန်တော်မူသဖြင့် သမုတိသာသနာပိုင် ဆရာတော်ဘုရားကြီးထံသို့ လက်ဆောင်ပဏ္ဏာရနှင့်တကွ သန္ဒေသကထာမျှသာ ရောက်သည်ဖြစ်၍ ၎င်းအကြောင်းအရာကို သီဟိုဠ်ကျွန်းသို့ပြန်ပေးရမည်ဟု သမုတိသာသနာပိုင် ပခန်းဆရာတော်ဘုရားကြီးထံမှ ဆင့်စာရောက်ရှိလာ၍ အရှင်ပဏ္ဍိတသည် အောက်ဖော်ပြပါ သန္ဒေသ

ကထာကို ရေးစီရင်၍ သာသနာပိုင်ဆရာတော်ဘုရားကြီး၏ အနေဖြင့် သီဟိုဠ်
ကျွန်းသို့ ပို့တော်မူခဲ့လေသည်။

ဇမ္ဗုဒီပသင်္ခါတဿ ဒက္ခိဏမဟာဒီပဿ သီဟဠူပမာနံ သုနာပရန္တတမ္ဗဒီပ
နာမိကာနံ ဒွိန္နံ မဟာရဋ္ဌာနံ ကဏ္ဏိကာဘူတာယ ဓညဝါသာယ မန္တလာ
စလသမီပေ မာပိတတ္တာ မန္တလာစလသန္နိဿိတတ္တာ စ မန္တလေးနဂရန္တိ စ နာ
နာဝိဓရတနေဟိ ပုဏ္ဏတ္တာ ရတနာပုဏ္ဏနဂရန္တိ စ တေသံယေဝ ရတနာနံ
ပုဥ္ဇဘူတတ္တာ ရတနာပုဥ္ဇနဂရန္တိ စ သဗ္ဗတ္ထ ပါကဋ္ဌာယ မဟာရာဇဋ္ဌာနီယာ
ပုဗ္ဗုတ္တရဒိသာဘာဂေ မန္တလေးမဟာနဂရဿ အာဒိမာပကေန ပဥ္စမသံဂီတိ
ကာရမဟာဓမ္မရညာ ကာရိတာဟိ ကေနုတိ သာဓိကသတ္တသတာဟိ သမာ
ရောပိတပိဋကတ္တယ သေလဂူဟာဟိ သမာလင်္ကတဿ မဟာလောကမာရဇိ
နာဘိဓာနဿ မဟာစေတိယဿ အစ္စုပန္တိကဒက္ခိဏဒိသာဘာဂေ ဌိတဿ
တေနေဝ မဟာဓမ္မရညာ ကာရိတဿ မဟာအတုလဝိဇယာရာမ မဟာဝိဟာ
ရဿ အဇ္ဈတ္တရံ အဇ္ဈာဝသန္တော နန္ဒာဘိဓေယသိရီသဒ္ဓမ္မဓိပတိပဝရ မဟာဓမ္မ
ရာဇာဓိရာဇဂုရူတိ လဒ္ဓလဉ္ဆကော သာသနဘာရဝဟသာသနသောဓန
သာသနဟိတကရဏေသု ဥဿုယျဓမ္မာဘိ မုနိဝရညာဏ ကိတ္တိသိရိဓဇသေနာ
ပတိ မဟာဓမ္မရာဇာဓိရာဇဂုရူဘိ လဒ္ဓလဉ္ဆကော မမာစရိယ မဟာသံဃရာဇဿတော
လဒ္ဓအာစရိယမုဋ္ဌိနယော သမ္မုတိသင်္ဃရာဇဘူတော မဟာထေရဝရော
မဟာပုခန္တရာဇဂုရူတိ စ ပါကဋ္ဌကိတ္တိကော အဟံ သန္ဒေသကထံ ပဋ္ဌိအာရောစေ
ယာမိ။

ဒီပသေဋ္ဌ ဒီပုဂ္ဂတသင်္ခါတေ လင်္ကာဒီပေ ဂါလုနဂရာသန္နေ ပနသထလဂါမ
သုဒဿနာရာမာဓိပတိ အမရပုရ ဂဏပမာခ သိရီသဒ္ဓမ္မဝံသ ပါလသိရီသုမင်္ဂ
မဟာနာယက မဟာထေရဝရော စ ကောလမ္ဗနဂရနာဝါတိတ္ထသမီပေ ဝံသာ
နုဂတံ ဇယခေသခရာရာမံ အဇ္ဈာဝသန္တအမရပုရဂဏပါမောက္ခ သိရီသဒ္ဓမ္မဝံသိ
က သိမ်ဝကထေရဝရော စာတိ ဒွေ အာယသ္မန္တော တုမှေဟိ ပေသိတာ ဒွေ
သန္ဒေသကထာ စ ဝန္ဒနပူဇနတ္ထာယ အာယသ္မာတာ သိဝိကထေရေန ပေသိတာနိ
ဒွေ ဗုဒ္ဓဓာတုစေတိယာနိ စ ဟတ္ထိဒန္တေန ကာရာပိတဒါဌာဓာတုသဏ္ဌာနဥ္စ
ဓာတုနိဓာန ကရဏ္ဍဘူတမဟာဂ္ဃစေတိယဥ္စ မမဘုဥ္ဇနတ္ထာယ ပေသိတမုခပုဥ္ဆန
သံဃာဋိစီဝရာနိ စ ဉာဒိသာပဏ္ဏာကာရာ သမ္မာသမ္ဗုဒ္ဓပရိနိဗ္ဗာနတော စတု
သတာဓိကာနံ ဒွိန္နံ ဝဿသဟဿာနမုပရိ တေစတ္တာလီသတိမေ သံဝစ္ဆရေ
ဝိသာခမာသ ကာဠပက္ခ နဝမိယံ မမ ဟတ္ထံ ပတ္တာ။

တုမှာကံပိ ရုစိံ ဂဟေတွာ ဣဓာဂတော သိရီသဒ္ဓမ္မာဓရာဘိဓာနပညဝန္တ
ဗဟုဿုတ သုပေသလ သိက္ခာကာမ ဂဏပါမောက္ခ ဂဏဝါစက ထေရဝရော

တံ သိဿောဇာတိ ဒွေ ပန ထေရာ မဟာသမုဒ္ဒံ အတိက္ကမိတွာ ရန်ကုန်နဂရံ ပတ္တကာလေ မသူရိကရောဂပါပရောဂသင်္ခါတေန မြန်မဝေါဟာရေန မဟာဘေရဝ ရောဂေန ဖုဋ္ဌာ သင်္ခါရသဘာဝံ အနိစ္စတံ မရဏဝသံ ပတ္တာ အမှာကံ သန္တိကံ န ပတ္တာ။ တေသံ ဒွိန္နံ ထေရာနံ မမ သန္တိကံ အပါပုဏနဉ္စ တေသမပ္ပတ္တတ္တာ ပစနပဋိဝစန ပုစ္ဆန ပဋိပုစ္ဆာနာန မဘာဝတော တုမှာကံ သိရီသုမင်္ဂလ မဟာနာယက မဟာထေရ သိရီသေဝက ထေရာနံ မူလသဘာဝက္ကုဋ္ဌိတ တရအာသာဆန္ဒာဒီနဉ္စ အမရပူရ မရမ္မဝံသိက သကလ သံဃဂဏာနံ ဗုဒ္ဓသာသနေ နိဝါသ ဥဿဟာဒိ အာကာရဿ စ အနုပသေသံ အသပနံ အဇာနနဉ္စ အမှာကံ တုမှာကဉ္စ မဟာအနတ္ထာဝဟာနိ လံကာသာ သနာဘိဝုဍ္ဍိကရဏာဒိကိစ္စသာဓနေ အတိဝ အန္တရာယကရာနိ ဝိယ ဇာတာနိ။

တဿ သိရီသဒ္ဓမ္မာဓာရထေရဝရဿ ဇီဝိတန္တရာယမ္ပိ အဂဏေတွာ မဟုဿာဟေန ဣမာဂမနဉ္စ တုမှာကံ သန္ဒေသပ္ပဏ္ဏာနုသာရေန တဿ ဂုဏကထဉ္စ မန္တလေးနဂရမ္ပိ အပတွာ ရန်ကုန်နဂရေ မသူရိကရောဂေန ကာလကိရိယဉ္စ သုတွာ မန္တလေးနဂရာဒီသု ဝသန္တာ မံပမုခါ ရာဇဂုရုထေရာနုထေရာ စ တဒညေ မဟာထေရာနုထေရာဒယော စ အတိကာရုညစိတ္တံ ဥပ္ပါဒေတွာ သဟောတ္တပ္ပဉာဏသင်္ခါတံ သံဝေဂံ ပဋိလဘိံသု။

ယထာနုဿရံ စိရကာလံ နာဝိကာနံ ဟိတသုခါဝဟာထိရတရသုသဏ္ဌာနံ နာနာရတနသံပုဏ္ဏာ သုပဏ္ဏမဟာနာဝါ သမုဒ္ဒံ အတိက္ကမိတွာ တီရံ ပတ္တမတ္တာယ ပါသာဏပဗ္ဗတမဟာတီရေဿ ဘိဇ္ဇိတွာ အဝတ္တရဏေန ဧကပ္ပဟာရေန အဒဿနံ အန္တရဓာနံဂတာ ဝိယ အဟော အနတ္တော၊ အဟော အနတ္တော၊ အသုတပုဗ္ဗံ သုတံ၊ အဘူတပုဗ္ဗံ ဘူတံ၊ ဒွိသောပိ နာမ ထေရဝရာ ဝိဘူ တော အဟောသင်္ခါရာနံ အနိစ္စတာ ဒုက္ခတာ အနတ္တတာ ဇမ္မိတာတိ။

တထာ မရမ္မိကာ သာသနမာမကာ ရတနတ္တယပသာဒကာ ပညဝန္တာ မရမ္မရဋ္ဌိဿရာနံ ရဋ္ဌကာရပုရကာရ မယာရဇ္ဇနံ မဟာဉာတိသာလေဟိတာ စ မဟာနာယက မဟာမတ္တာ စ မဟာရာဇနာမိကာ သျာမရဋ္ဌာဓိပတိနော စ ဂုဏဝန္တသိရိမန္တမဟာမနုဿသာဓုမနုဿဂဏာ စ ကာရုညစိတ္တံ ဥပ္ပါဒေတွာ သဟောတ္တပ္ပဉာဏသင်္ခါတံ သံဝေဂံ ပဋိလဘိံသု။

တထာ တုမှာကံပိ လင်္ကာဒီပဝါသီနံ သမာနနိကာယိကသဗ္ဗဘိက္ခုဂဏာ ဟိတာနံ သပရိဝါရာနံ သံဝေဂသင်္ခါတ သဟောတ္တပ္ပဉာဏမေဝ ဥပ္ပါဒေတုံ ယုတ္တံ။ တထာ ဟိ ဘဂဝတာ ဝုတ္တော သံဝေဂုပ္ပါဒနုပါယော– "အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတီတိ၊ သော မဟာဇနကဇာတကေ ပါဠိ"။

“နံနုရိတ္တမ္ပိ သဗ္ဗသင်္ခါရတိ” သော ဗုဒ္ဓဝံသေ ပါဠိ။ “ဇီဝိတံ ဗျာဓိကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။ ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နနာယရေတိ” သော ဝိသုဒ္ဓိမဂ္ဂေ အာနီတာ။ “အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။ န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ”တိ သော ဥပရိပဏ္ဏာသကေ ဘဒ္ဒေကရတ္တသုတ္တေ တဒဋ္ဌကထာယဉ္စ ဝေရူပေန မစ္စုနာ သဒ္ဓိံ ကတိပါဟံ အာဂမေဟိ ယာဝ ဟံ ဗုဒ္ဓပူဇာဒိံ အတ္တနော အဝဿယံ ကမ္မံ ကရောမီတိ ဧဝံ မိတ္တသန္ထဝကရသင်္ခါတော ဝါ ဣဒံ ဣတံ ဝါ သဟာဿံ ဝါ ဂဟေတွာ ကတိပါဟံ အာဂမေဟီတိ ဧဝံ လဉ္ဆနုပ္ပါဒနသင်္ခါတော ဝါ ဣမိနာ ဟံ ဗလရာသိနာ ပဋိဗာဟိဿာမီတိ ဧဝံ ဗလရာသိသင်္ခါတော ဝါ သင်္ဂရော နတ္ထီတိ ဝုတ္တော။ တသ္မာ အာယသ္မန္တေဟိ တုမှေဟိ သပရိဝါရေဟိ အညာနိ သောကာဒျုပ္ပတ္တိကာရဏာနိ န မညိတဗ္ဗာနိ န စိန္တေတဗ္ဗာနိ။

အပိစ ဣဒါနိ ဧဝံ သန္တေပိ သဗ္ဗသံဃာဘာရေဿ ဥဿာဟဝဟာဏကမ္မံ ဂရုံ ကတွာ အနုဋ္ဌပေတ္ဗတွာ သကိစ္စသဘာရမိဒံ ဥပထမ္ဘေတွာ ဥဿာဟေတွာ သာသနဝရဿ ပဂ္ဂဟုပထမ္ဘနေ မမ အတိရေကသမ္မာဆန္ဒော စ အတ္ထိ၊ တုမှာကဉ္စ သသမုဒ္ဒံ လင်္ကာဒီပံ ပြဋ္ဌိတ္တရိတွာ ယာဝ မန္တလေးနဂရာ ပတ္ထရိုကိတ္တိ တေဇာနုဘာဝေါ လင်္ကာဒီပေ အမရပုရနိကာယေ သာသနာဘိဝုဍ္ဎိကရဏေ ဒဠှတရအတိရေကသမ္မာဆန္ဒော စ အတ္ထိ။ တသ္မာ “ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတီ” ဝစနာနုရူပံ တေသံ သမ္မာဆန္ဒာနံ ဝသေန အမှာကံ ဟေတု သင်္ဂဟကမ္မကိစ္စသံပုဏ္ဏာသာမဂ္ဂိယကာလေ လင်္ကာသီဟဠတမ္ဗပဏ္ဏိဒီပိကာနံ အမရပုရဂဏာသယာနံ သာသနာဘိဝုဍ္ဎိ သုခေန သမ္မာဒေတွာ ပဂ္ဂဟေတုံ သမတ္ထော အဘေဝနာမ ဘဝေယျာတိ သမ္မာမနော ပဏိဓိနာ အဟံ ဥဒိက္ခန္တော ပတ္ထေန္တော ဝိဟရာမီတိ။

## သီဟိုဠ်ကျွန်းသို့ ပြန်ပေးသော သန္ဒေသကထာပါဠ်အနက်

ဖော်ပြပါ သန္ဒေသပါဠ်၏ အနက်မြန်မာပြန်ဆိုချက်ကိုလည်း အရှင်ပဏ္ဍိတ ပြန်ဆိုသည့်အတိုင်း ဤ၌ ဖော်ပြအပ်ပါသည်။

ဇမ္ဗုဒီပသင်္ခါတသော၊ ဇမ္ဗူဒိပ်ဟုဆိုအပ်သော၊ ဒက္ခိဏမဟာဒီပဿ၊ လက်ယာကျွန်းကြီး၏။ သိခါပမာနံ၊ ဦးစွန်းနှင့် တူကုန်သော။ သုနာပရန္တတမ္ဗဒီပနာမိကာနံ၊ သုနာပရန် တမ္ပဒိပ် အမည်ရှိကုန်သော။ ဒွိန္နံ မဟာရဋ္ဌာနံ၊ တိုင်းကြီးနှစ်တိုင်းတို့၏။ ကဏ္ဏိကာဘူတာယ၊ အချက်အချာဖြစ်၍ ဖြစ်သော။ ဓညာဓိဠါသာယ၊ ဘုန်းရှိသောသူတို့၏ နေရာဖြစ်သော။ မန္တလာဂလသမီပေ၊ မန္တလေး

တောင်အနီး၌။ မာပိတတ္တာ၊ တည်ထောင်ဖန်ဆင်းအပ်သည်၏အဖြစ်ကြောင့်။
မန္တလေး နဂရန္တိ စ၊ မန္တလေးမြို့ဟူ၍ရှင်း။ နာနာဝိဓရတနေဟိ၊ အထူးထူး
အပြားပြား များစွာသော ရတနာတို့နှင့်။ ပုဏ္ဏတ္တာ၊ ပြည့်စုံသည်၏ အဖြစ်
ကြောင့်။ ရတနာပုဏ္ဏနဂရန္တိ စ ရတနာပုဏ်မြို့ဟူ၍ရှင်း။တေသံယေဝ ရတနာနံ၊
ထိုအထူးထူးသော ရတနာတို့၏သာလျှင်။ ပုဥ္ဇဘူတတ္တာ၊ လာရောက်ပေါင်းဆုံ
စုပုံရာ၏ အဖြစ်ကြောင့်။ ရတနာပုဥ္ဇနဂရန္တိ စ၊ ရတနာပုံမြို့ဟူ၍ရှင်း။ သဗ္ဗတ္ထ၊
အလုံးစုံသောအရပ်၌။ ပါကဋ္ဌာယ၊ ထင်ရှားကျော်စောသော။ မဟာရာဇ
ဌာနိယာ၊ မင်းနေပြည်ကြီး၏။ ပုဗ္ဗုတ္တရဒိသာဘာဂေ၊ အရှေ့မြောက်ထောင့်
အရပ်၌။ မန္တလေးမဟာနဂရဿ၊ မန္တလေးမြို့ကြီးကို။ အာဒိမာပကေန၊
လက်မှန်မဆွ တည်ထောင်ဖန်ဆင်းတော်မူသော။ ပဌမသံဂီတိကာရကမဟာဓမ္မ
ရညာ၊ ပဌမသင်္ဂါယနာတင် မင်းတရားကြီးသည်။ ကာရိတာဟိ၊ ပြုလုပ်တည်
ထားစေအပ်ကုန်သော။ ဧကူနတိံသာဓိကသတ္တသတာဟိ၊ ၇၂၉-ဆူကုန်သော။
သမာရောပိတပိဋကတ္တယ သေလဂုဟာဟိ၊ ကောင်းစွာတင်အပ်သော ပိဋက
သုံးပုံ ကျောက်စာဂူတို့ဖြင့်။ သမာလင်္ကတဿ၊ ရှုဖွယ်ညောင်း ကောင်းစွာ
တန်ဆာဆင်အပ်သော။ မဟာလောကမာရဇိနာဘိဓာနဿ၊ မဟာလောက
မာရဇိန်အမည်တော်ရှိသော။ မဟာစေတိယဿ၊ စေတီတော်၏။ အဒူရပစ္ဆိမ
ဒက္ခိဏဒိသာဘာဂေ၊ အသွန်နီးသော ဘောင်ချက်နှာအဖို့၌။ ဌိတဿ၊ တည်
သော။ တေနေဝ မဟာဓမ္မရညာ၊ ထိုမန္တလေးရတနာပုံ မြို့တည်နန်းတည်
ပဌမသင်္ဂါယနာတင်မင်းတရားကြီးသည်သာလျှင်။ ကာရိတဿ၊ ဖန်ဆင်းတည်
ထားတော်မူအပ်သော။ မဟာအတုလဝိဇယာရာမဝိဟာရဿ၊ မဟာအတုလ
ဝိဇယာရုံကျောင်းတိုက်တော်ကြီး၏။ အဗ္ဘန္တရံ၊ အတွင်း၌၊ ဝါ၊ အတွင်းကို။
အဇ္ဈာဝသန္တော၊ စိုးအုပ်၍ သီတင်းသုံးနေသော။ နန္ဒာဘိဓဇသိရိသဒ္ဓမ္မဓိပတိ
ပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဘိသဒ္ဒသညိတော၊ နန္ဒာဘိဓဇသိရိသဒ္ဓမ္မဓိပတိ
ပဝရမဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍ ရအပ်သော တံဆိပ်နာမံရှိသော။ သာသန
ဘာရဝဟသာသနသောဓနသာသနဟိတကရဏော၊ သာသနာတော်ဝန်ကို
ရွက်ဆောင်ခြင်း သာသနာတော်ကို သုတ်သင်ခြင်း သာသနာတော်၏ အစီး
အပွားကို ပြုခြင်းတို့၌။ ဥဒယျာဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇဓမ္မသေနာပတိ
မဟာဓမ္မရာဇာဓိရာဇဂုရုဘိသဒ္ဒသညိတော၊ ဥဒယျာဓမ္မာဘိမုနိဝရဉာဏကိတ္တိ
သိရီဓဇဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဟူ၍ရအပ်သော တံဆိပ်နာမံ
တော်ရှိတော်မူသော။ မမာစရိယမဟာသံဃရာဇတ္ထေရော၊ ငါ၏ ကျေးဇူးရှင်
ထိပ်ခေါင်တင် သာသနာပိုင်ဆရာတော်ဘုရားကြီးအထံမှ။ လဒ္ဓအာစရိယမုဋ္ဌိ
နယော၊ ရအပ်သောဆရာ လက်ဆုပ်လက်ကိုင်နည်းရှိသော။ ဝါ၊ ဆရာ့ လက်
ဆုပ် လက်ကိုင်နည်းကိုရသော။ သမ္မုတိသံဃရာဇဘူတော၊ သမ္မုတိသာသနာ

ပိုင်ဖြစ်၍ ဖြစ်သော။ မဟာထေရဝရော၊ မဟာထေရ်မြတ်ဖြစ်သော။ မဟာပုဿဒေဝနာမည်ရှိသော ... ခန္တရာဇဂုရုတိ စ၊ ပုခန်းကြီးဆရာတော်ဟူ၍လည်း။ ပါကဋကိတ္တိကော၊ ထင်ရှားကျော်စောသော။ အဟံ၊ ငါသည်။ သန္ဒေသကထံ၊ သန္ဒေသကထာသတင်းစာကို။ ပဠိအာရောစယာမိ၊ ပြန်ကြားလိုက်၏။

ဒီပသေဋ္ဌ ဒီပုဂ္ဂတသင်္ခါတေ၊ ကျွန်းမြတ် ကျွန်းကျော်ဟု ဆိုအပ်သော။ လင်္ကာဒီပေ၊ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်း၌။ ဂါလုနဂရာသန္နေ၊ ဂါလုမြို့၏ အနီး၌။ ပနသထလဂါမ သုဒဿနာရာမ ဓိပတိ အမရပူရ ဂဏပမာန သိရိသဒ္ဓမ္မဝံသပါလ သိရီသုမင်္ဂလ မဟာနာယက မဟာထေရဝရော စ၊ ပိန္နဲကုန်းရွာ သုဒဿနာရုံကျောင်းတိုက်အရှင် ဖြစ်သော အမရပူရဂိုဏ်း အကြီးအမှူးဖြစ်တော်မူသော သိရီသဒ္ဓမ္မအန္ဒယ်ကို စောင့်တတ်သော သိရီသုမင်္ဂလ အမည်ရှိသော အကြီးအမှူး မထေရ်မြတ်ရင်း။ ကောလမ္ဗနဂရနာဝါတိတ္ထသမီပေ၊ ကောလမ္ဗုမြို့ သင်္ဘောဆိပ်အနီး၌။ ဝံသာနုဂတံ၊ အန္ဒယ်အစဉ်အားဖြင့် လာသော။ ဇယသေခရာရာမံ၊ ဇယသေခရ ကျောင်းတိုက်ကို။ အဇ္ဈာဝသန္တ အမရပူရဂဏပါမောက္ခ သိရီသဒ္ဓမ္မဝံသိကထေရဝရော စ၊ စိုးအုပ်၍ သီတင်းသုံးနေသော အမရပူရဂိုဏ်းအကြီးအမှူးဖြစ်သော သိရိသဒ္ဓမ္မထေရ်၏ အန္ဒယ်ကို စောင့်တတ်သော သီဝကထေရ်မြတ်ရင်း။ ဣတိ၊ ဤသို့။ ဒွေ အာယသ္မန္တော၊ ငါ့ရှင် ၂-ပါးတို့။ တုမှေဟိ၊ သင်တို့သည်။ ပေသိတာ စေအပ်ကုန်သော။ ဒွေ သန္ဒေသကဘာ စ၊ သန္ဒေသကထာ ၂-စောင်တို့သည်ရင်း။ ဝန္ဒနပူဇနတ္ထာယ၊ ရှိခိုးပူဇော်ရန် အကျိုးငှာ။ အာယသ္မတာ သီဝကထေရေန ပေသိတာနိ၊ ငါ့ရှင် သီဝကမထေရ်က ပို့သအပ်ကုန်သော။ ဒွေ ဗုဒ္ဓဓာတုစေတိယာနိ၊ ဘုရားဓာတ်တော် နှစ်ဆူတို့သည်ရင်း။ ဟတ္ထိဒန္တေန ဆင်စွယ်ဖြင့်။ ကာရာပိတဒါဌာဓာတုသဏ္ဌာနဉ္စ၊ ပြုစေအပ်သော စွယ်တော်ဓာတ်ပုံ သဏ္ဌာန်သည်ရင်း။ ဓာတုနိဓာနကရဏ္ဍကဘူတ မဟာဣဒ္ဓစေတိယဉ္စ၊ ဓာတ်တော်တို့ကို ဌာပနာရာ ကြုတ်ဖြစ်သော အဖိုးများစွာထိုက်သော စေတီသည်ရင်း။ မမ ဘုဉ္ဇနတ္ထာယ၊ ငါသုံးဆောင်ရန် အကျိုးငှာ။ ပေသိတမုခပုဉ္ဆနသံဃာဋိစီဝရာနိ စ၊ စေအပ်သော မျက်နှာသုတ်ပဝါ သင်္ကန်းကြီးတို့သည်ရင်း။ ဤဒိသာ၊ ဤသို့သဘောရှိကုန်သော။ ပဏ္ဏာကာရာ၊ ဓမ္မာမိသ လက်ဆောင်တို့သည်။ သမ္မာသမ္ဗုဒ္ဓပရိနိဗ္ဗာနတော၊ ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသောနှစ်မှ။ ဧတုသတာဓိကာနံ၊ လေးရာအလွန်ရှိကုန်သော။ ဒွိန္နံဝဿသဟဿာနံ၊ အနှစ်နှစ်ထောင်တို့၏။ဥပရိ၊ အထက်၌။ တေစတ္တာလီသတိမေ၊ လေးဆယ့်သုံးနှစ်မြောက်သော။ သံဝစ္ဆရေ၊ နှစ်၌။ ဝိသာခမာသကာလပက္ခနဝမိယံ၊ကဆုန်လဆုတ် ပက္ခကိုးရက်မြောက်၌။ မမ ဟတ္ထံ၊ ငါသာသနာပိုင်လက်သို့။ ပတ္တာ၊ ရောက်လာကုန်၏။

တုမှာကံပိ၊ ငါ့ရှင်တို့၏လည်း။ ရုစိံ၊ အလိုကို။ ဂဟေတွာ၊ ယူ၍။ ဣခာဂတော၊ ဤဇဲမ္ဗူဒိပ်ကျွန်းသို့ လာသော။ သိရီသဒ္ဓမ္မာဓာရာဘိဓာန ပညာဝန္တ ဗဟုဿုတ သုပေသလ သိက္ခာကာမ ဂဏပါမောက္ခ ဂဏာဝါစက ထေရဝရော၊ သိရီသဒ္ဓမ္မာဓာရ အမည်ရှိသော ပညာရှိသော များသော အကြားအမြင်နှင့် ပြည့်စုံသော အလွန်သီလကိုချစ်သော သိက္ခာကို အလိုရှိသော ဂိုဏ်း၏အကြီးအမှူး ဂိုဏ်း၏စာချထေရ်မြတ်ရှင်း။တံ သိသော စ၊ ထိုထေရ်မြတ်၏တပည့်ရှင်း။ ဣတိ၊ ဤသို့။ ဒွေ ပန၊ ထေရ် ၂-ပါးတို့သည်။ မဟာသမုဒ္ဒံ၊မဟာသမုဒ္ဒရာကို။ အတိက္ကမိတွာ၊ လွန်၍။ ရန်ကုန်နဂရံ ပတ္တကာလေ၊ ရန်ကုန်မြို့သို့ ရောက်သော အခါ၌။ မသူရိကရောဂ ပါပရောဂ သင်္ခါတေန၊ ဆေးကျမ်းအလိုအားဖြင့် ပဲဗိစပ်စေ့နှင့်တူသော အဖုအလုံးပေါက်သော ရောဂါဖြစ်သောကြောင့် မသူရိကရောဂ စက်ဆုပ်အပ်သော အမာဖြစ်သောကြောင့် ပါပရောဂဟု ဆိုအပ်သော။ မြန်မာဝေါဟာရေန မဟာဘေရဝရောဂေန၊ မြန်မာအခေါ် အားဖြင့် ကျောက်ကြီးခေါ်သော ရောဂါနှင့်။ (ရောဂါသည်။) ဖုဋ္ဌာ၊တွေ့နှိပ်စက် အပ်ကုန်သည်ဖြစ်၍။ သင်္ခါရသဘာဝံ၊ သင်္ခါရသဘောသို့။ အနိစ္စတံ၊ မမြဲသည်၏ အဖြစ်သို့။ မရဏဝသံ၊ သေမင်းနိုင်ငံသို့။ ပတ္တာ၊ ရောက်ကုန်၍။ (ရောက်ကုန်သောကြောင့်။) အမှာကံ၊ ငါတို့၏။ သန္တိကံ၊ အထံသို့။ န ပတ္တာ၊ မလာမပေါက် မရောက်ကြကုန်။ ဘေသံ ဒွိန္နံ ထေရာနံ၊ ထိုမထေရ် ၂-ပါးတို့၏။အပတ္တတ္တာ၊ငါ၏ရှေ့မှောက် မရောက်သည်၏ အဖြစ်ကြောင့်။ ဝစန ပဋိဝစန ပုစ္ဆန ပဋိပုစ္ဆနံ၊ ဆိုခြင်း တဖန်ဆိုခြင်း မေးခြင်း တဖန်ပြန်၍ မေးခြင်းတို့၏။ အဘာဝတော၊ မရှိသောကြောင့်။ တုမှာကံ၊ သိရီသုမင်္ဂလ မဟာနာယက ထေရ် သိရီသီဝကထေရ်တို့၏။ မူလသဘာဝ ဣစ္ဆိတတရအာသာဆန္ဒာဒီနဉ္စ၊ သဘောရင်း အထူးသဖြင့် အလိုရှိအပ်သော အာသာဆန္ဒ စသည်တို့ကိုရင်း။ အမရပူရမရမ္မဝံသိကသကလသံဃဂဏာနံ၊ အမရပူရ မြန်မာဂိုဏ်း အဆက် အနွယ်ရှိသော အလုံးစုံသော သံဃာအပေါင်းတို့၏။ နိဝါသဥဿာဟာဒိ အာကာရဿ စ၊ နေထိုင်ပုံ အားထုတ်ပုံ အစရှိသော အခြင်းအရာကိုရင်း။ အနဝသေသံ၊ အကုန်အစင်။ အသဝနံ၊ မကြားရခြင်းသည်ရင်း။ အဇာနနဉ္စ၊ မသိရခြင်းသည်ရင်း။ အမှာကံ၊ ငါတို့၏ရင်း။ တုမှာကဉ္စ၊ ငါ့ရှင်တို့၏ရင်း။ မဟာအနတ္ထာဝဟာနိ၊ ပြောလို့မပြီး ကြီးစွာသော အကျိုးမဲ့ကို ရွက်ဆောင်တတ်သကဲ့သို့ ဖြစ်ကုန်၏။ လံကာသာသနာဘိဝုဍ္ဎိကရဏာဒိကိစ္စသာသနေ၊ သီဟိုဠ်သာသနာ တိုးပွားစည်ပင်အောင် ပြုလုပ်ခြင်း အစရှိသော ကိစ္စကို ပြီးစေရာ၌။ အတိဝ၊ အလွန်လျှင်။ အန္တရာယကရာနိဝိယ၊ အန္တရာယ်ကိုပြုကုန်သကဲ့သို့။ ဇာတာနိ၊ ဖြစ်ကုန်၏။

တဿ သိရီသဒ္ဓမ္မာဓာရထေရဝရဿ၊ ထိုသိရီသဒ္ဓမ္မာဓာရထေရ်မြတ်၏။ ဇီဝိတန္တရာယမှိ၊ အသက်၏ အန္တရာယ်ကိုလည်း။ အဂဏေတွာ၊ မရေမတွက်မူ၍။ မဟုဿာဟေန၊ ကြီးစွာသော လုံ့လဖြင့်။ ဣဓာဂမဉ္စ၊ ဤဇမ္ဗူဒိပ်ကျွန်း မန္တလေးမြို့သို့ လာခြင်းကိုလည်း။ တုမှာကံ၊ ငါ့ရှင်တို့၏။ သန္ဒေသပဏ္ဏာနုသာရေ၊ အကြောင်းအရာ သန္ဒေသလွှာကို အစဉ်ရှောက်သဖြင့်။ တဿ၊ ထိုသဒ္ဓမ္မာဓာရထေရ်မြတ်၏။ ဂုဏာကထဉ္စ၊ သီလ သမာဓိ ပညာဂုဏ် စကားကိုရင်း။ မန္တလေးနဂရံပိ၊ မန္တလေးမြို့သို့ရင်း။ အပတွာ၊ မရောက်ခင်မူ၍။ ရန်ကုန်နဂရေ၊ ရန်ကုန်မြို့၌။ မသူရိကရောဂေန၊ ကျောက်ကြီးရောဂါဖြင့်။ ကာလကိရိယဉ္စ၊ ပျံလွန်တော်မူရခြင်းကိုရင်း၊ သုတွာ၊ ကြားကြကုန်၍။ မန္တလေးနဂရာဒီသု၊ မန္တလေးမြို့တော် စသည်တို့၌။ ဝသန္တာ၊ နေကြကုန်သော။ မံ ပမုခါ၊ ငါသာသနာပိုင် အမှူးရှိကုန်သော။ ရဇဂုရုထေရာနုထေရာ စ၊ တံဆိပ်တော်ရ ဆရာတော်ဖြစ်ကုန်သော မထေရ်ကြီး မထေရ်ငယ်တို့သည်ရင်း။ တဒညေ၊ ထိုတံဆိပ်တော်ရ ဆရာမှတပါးကုန်သော။ မဟာထေရာနုထေရာဒယော စ၊ မထေရ်ကြီး မထေရ်ငယ် အစရှိကုန်သော ရဟန်းအပေါင်းတို့သည်ရင်း။ အတိကာရုညစိတ္တံ၊ အလွန်သနားကြင်နာသော စိတ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ သဟောတ္တပ္ပဉာဏသင်္ခါတံ၊ ဩတ္တပ္ပစေတသိက်နှင့်တကွ ဖြစ်သော ဩတ္တပ္ပစေတသိက် ပြဋ္ဌာန်းသော ဉာဏ်ဟုဆိုအပ်သော။ သံဝေဂံ၊ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို။ ပဋိလဘိံသု၊ ရကြကုန်ပြီ။

ယထာ နာမ၊ ဥပမာမည်သည်ကား။ စိရကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ နာဝိကာနံ၊ သင်္ဘောရှင် လှေရှင် သင်္ဘောစီး လှေစီးတို့၏။ ဟိတသုခါဝဟာ၊ စီးပွားချမ်းသာကို ဆောင်ရွက်တတ်သော။ ထိရတရသုသဏ္ဌာနာ၊ အထူးသဖြင့် မြဲခိုင်ခံ့လျက် လှပချောမောသော သဏ္ဌာန်ရှိသော။ နာနာရတနသံပုဏ္ဏာ၊ အထူးထူးသော ရတနာဝန်တို့ဖြင့် ပြည့်သော။ သုဝဏ္ဏမဟာနာဝါ၊ ရွှေသင်္ဘောကြီး ရွှေလှေကြီးသည်။ သမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို။ အတိက္ကမိတွာ၊ လွန်မြောက်၍။ တီရံ၊ ကမ်းသို့။ ပတ္တမတ္တာယ၊ ဆိုက်ရောက်ကာမျှ၌။ ပါသာဏပဗ္ဗတမဟာတီရဿ၊ ကျောက်တောင်ကမ်းနားကြီး၏။ ဘိဇ္ဇိတွာ၊ ကွဲပြို၍။ အဝတ္ထရဏေန၊ လွှမ်းမိုးဖိစီးခြင်းကြောင့်။ ဧကပဟာရေန၊ တပြိုင်နက် တချက်တည်းဖြင့်။ အဒဿနံ၊ မမြင်ရခြင်းသို့။ အန္တရဓာနံ၊ ကွယ်ပျောက်ခြင်းသို့။ ဂတာ ဝိယ၊ ရောက်သကဲ့သို့။ အဟော အနတ္တော၊ ဩော်—အကျိုးမဲ့ဖြစ်ခဲ့ပြီ။ အဟော အနတ္တော၊ ဩော်—အကျိုးမဲ့ဖြစ်ခဲ့ပြီ။ အသုတပုဗ္ဗံ၊ မကြားဘူး။ သုတံ၊ ကြားရချေ၏။ အဘူတပုဗ္ဗံ၊ မဖြစ်စဘူး။ ဘူတံ၊ ဖြစ်ရချေ၏။ ဧဒိသောပိ နာမ၊ ဤသို့သဘောရှိသည်မည်သော၊ ထေရဝရော၊ ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံ ဂုဏ်မျိုးခြုံလျက် နှစ်သက်မြတ်နိုး အများခိုကိုးရာ မထေရ်

မြတ်သည်။ ဧဝံ ဘူတော၊ ဤသို့ဖြစ်ရချေသေး၏။ သင်္ခါရာနံ၊ သင်္ခါရတရားတို့၏။ အနိစ္စတာ၊ အမြဲမရှိသည်၏အဖြစ်သည်။ အဟော၊ ဩော်—အံ့ဖွယ်ရှိစွ။ သင်္ခါရာနံ၊ တို့၏။ ဒုက္ခတာ၊ ဆင်းရဲခြင်းသည်။ အနတ္တာ၊ အစိုးမရ အလိုသို့မလိုက်ခြင်းသည်။ ဇမ္ဗိဘာ၊ ယုတ်မာခြင်းသည်။ အဟော၊ ဩော်—အံ့ဖွယ်ရှိစွ။ ဣတိ၊ ဤသို့။ သံဝေဂံ၊ ထိတ်လန့်ခြင်း သံဝေဂဉာဏ်ကို။ ပဋိလဘိံသု၊ ရကြကုန်ပြီ။

တထာ၊ ထိုအတူ။ မရမ္မိကာ၊ မြန်မာပြည်၌ နေကုန်သော။ သာသနမာမကာ၊ သာသနာတော်ကို မြတ်နိုးစုံမက် နှစ်သက်ကြကုန်သော။ ရတနတ္တယပသာဒကာ၊ ရတနာသုံးပါးကို ကြည်ညိုလေးမြတ်ကြကုန်သော။ ပညဝန္တာ၊ အသိပညာရှိကြကုန်သော။ မရမ္မရဋ္ဌိဿရာနံ၊ မြန်မာပြည့်ရှင် ဖြစ်ကြကုန်သော။ ရဋ္ဌကာရ ပုရကာရ မဟာရာဇူနံ၊ တိုင်းပြု ပြည်ပြု မင်းမြတ်တို့၏။ မဟာဉာတိသာသောဟိဘာ စ၊ မြတ်သော ဆွေတော် မျိုးတော်တို့သည်၎င်း။ မဟာနာယက မဟာမတ္တာ စ၊ မှူးဘော် မတ်တော်တို့သည်၎င်း။ မဟာရာဇာနာမိကာ၊ မဟာရာဇာအမည်ရှိကုန်သော။ သျှာမရဋ္ဌာဓိပတိနော စ၊ ရှမ်းပြည်စော်ဘွားကြီးတို့သည်၎င်း။ ဂုဏဝန္တသိရိမန္တ မဟာမနုဿ သာခုမနုဿဂဏာ စ၊ ဂုဏ်အသရေရှိ လူကြီးလူကောင်းအပေါင်းတို့သည်၎င်း။ အတိကာရုညစိတ္တံ၊ အလွန်သနားခြင်းကရုဏာနှင့် ယှဉ်သောစိတ်ကို။ ဥပ္ပာဒေတွာ၊ ဖြစ်စေ၍။ သဟောတ္တပ္ပဉာဏသင်္ခါတံ၊ ဩတ္တပ္ပစေတသိက်နှင့်တကွ ဩတ္တပ္ပစေတသိက်ပြဋ္ဌာန်းသော ဉာဏ်ဟုဆိုအပ်သော။ သံဝေဂံ၊ ထိတ်သန့်ခြင်းသံဝေဂဉာဏ်ကို။ ပဋိလဘိံသု၊ ရကြကုန်ပြီ။ တထာ၊ ထို့အတူ။ လက်ာဒီပဝါသီနံ၊ သီဟိုဠ်ကျွန်း၌ နေလေ့ရှိကုန်သော။ သမာနနိကာယိကသဗ္ဗဘိက္ခုဂဏသဟိတာနံ၊ နိကာယ်တူ ဂိုဏ်းတူ အသုံးစုံသော ရဟန်းအပေါင်းနှင့် တကွဖြစ်ကုန်သော။ သပရိဝါရာနံ၊ အခြံအရံနှင့် တကွဖြစ်ကုန်သော။ တုမှာကမ္ပိ၊ ငါ့ချင်မထေရ်တို့အားလည်း။ သံဝေဂ ဉာဏသဟောတ္တပ္ပ ဉာဏမေဝ စ၊ သံဝေဂဟုဆိုအပ်သော သဟောတ္တပ္ပဉာဏ်ကိုသာလျှင်။ ဥပ္ပာဒေတုံ၊ ဖြစ်စေခြင်းငှာ။ ယုတ္တံ၊ သင့်၏။ တထာပိ၊ ထိုကြောင့်သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံဝေဂုပ္ပာဒနုပါယော၊ သံဝေဂဖြစ်ခြင်း၏အကြောင်းကို။ အစိန္တိတမ္ပိ ဘဝတိ စိန္တိတမ္ပိ ဝိနဿတိတိ၊ ဝိနဿဘိဟူ၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ အစိန္တိတမ္ပိ၊ မကြံစည်အပ်မကြံစည်သော်လည်း။ ဝါ၊ မကြံစည်အပ်သော အမှုသည်လည်း။ ဘဝတိ၊ ဖြစ်တတ် ပြီးတတ်၏။ စိန္တိတမ္ပိ၊ ကြံစည်ပါသော်လည်း။ ဝါ၊ ကြံစည်အပ်သော အမှုသည်လည်း။ ဝါ၊ အကျိုးစီးပွားသည်သည်း။ ဝိနဿဘိ၊ ပျက်စီးတတ်၏။ သော၊ ဤပါဠိသည်၊ မဟာဇနကဇာတကေ၊ မဟာဇနကဇာတ်၌။ ပါဠိ၊ ပါဠိတော်တည်း။

သဗ္ဗသင်္ခါရာ၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည်။ နန္ဒ၊ စင်စစ်။ ရိတ္တာ၊ စိတ်လိုမလိုက် စိတ်ကြိုက်မပြီး အချည်းနှီး ပျက်စီးတတ်ကုန်၏။ သော၊ သည်။ ဗုဒ္ဓဝံသေ၊ ၌။ ပါဠိ၊ တည်း။ ဇီဝိတံ၊ အသက်မသေ နေရအံ့သည်ကိုရင်း။ ဗျာဓိ၊ သေရအံ့သော အနာကိုရင်း။ ကာလော စ၊ သေရအံ့သော အချိန်အခါကိုရင်း။ ဒေဟနိက္ခေပနံ၊ အသေကောင်ကို ပစ်ချရာ သင်္ချိုင်းကိုရင်း။ ဂတိ၊ သေသည်မှနောက် ဖော်တယောက်မပါ လားရာဂတိကိုရင်း။ တေပဉ္စ၊ ထိုငါးပါးတို့ကို။ ဇီဝလောကသ္မိံ၊ သတ္တလောက၌။ အနိမိတ္တာ၊ အပိုင်းအခြားမရှိကုန်သည်ဖြစ်၍။ န နာယရေ၊ မသိအပ် မသိနိုင်ကုန်။ သော၊ ကား။ ဝိသုဒ္ဓိမဂ္ဂေ၊ ၌။ အာနိတာ၊ ဆောင်သော ပါဠိတည်း။ အဇ္ဇေဝ၊ ယနေ့သာလျှင်။ အာတပ္ပံ၊ အားထုတ်အပ်သော ကုသိုလ်ဝီရိယကို။ ကိစ္စံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်သဘက်၌။ မရဏံ၊ သေရအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်အံ့နည်း။ ဟိ သစ္စံ၊ မှန်၏။ မဟာသေနေန၊ မိး အဆင်ပ် လက်နက်စသော သေခြင်းအကြောင်းဟုဆိုအပ်သော မျိုးစွာသော စစ်သည်ဗိုလ်ပါရှိသော။ တေန မစ္စုနာ၊ ထိုသေမင်းနှင့်။ သင်္ဂရံ၊ နေ့ရက်ချိန်းချက်ခြင်းသည်။ ဝါ၊ မိတ်ဆွေဖွဲ့လျက် လက်ဆောင်ဆက်၍ လ ရက်ဆိုင်းဟု စစ်မက်ပြုငှာ ဗိုလ်ပါစုရုံးခြင်းသည်။ နော၊ ငါတို့အား။ နတ္ထိ၊ မရှိ။ သော၊ သည်။ ဥပရိပဏ္ဏာသကေ၊ ၌။ ဘဒ္ဒေကရတ္တသုတ္တေ၊ ၌။ ပါဠိ၊ တည်း။ တဒဋ္ဌကထာယဉ္စ၊ ထိုသုတ်အဋ္ဌကထာ၌လည်း။ ဇေ၀ရုပေန၊ ဤသို့သဘောရှိသော။ မစ္စုနာ၊ သေမင်းနှင့်။ သဒ္ဓိံ၊ တကွ။ ယာဝ၊ အကြင်မျှလောက်။ အဟံ၊ ငါသည်၊ ဗုဒ္ဓပူဇာဒိံ၊ ဘုရားအား ပူဇော်ခြင်းအစရှိသော။ အတ္တနော၊ မိမိ၏။ အဝဿယံ၊ မှီခိုရာဖြစ်သော။ ကမ္မံ၊ ကောင်းမှုကံကို ကရောမိ၊ ပြုပါအံ့။ တာဝ၊ ထိုမျှလောက်။ ကတိပါဟံ၊ ၂-ရက် ၃-ရက်။ အာဂမေဟိ၊ ငံ့ပါဦးလော့။ ဣတိ-ဧဝံ၊ ဤသို့။ မိတ္တသန္ထဝကရသင်္ခါတော ဝါ၊ အဆွေခင်ပွန်းဖွဲ့ခြင်းကိုပြုခြင်းဟုဆိုအပ်သည်လည်းဖြစ်သော။ ဣဒံ-သတံ ငါ၊ ဤတရာသောဥစ္စာကိုရင်း။ ဣဒံ သဟဿံ ဝါ၊ ဤတထောင်သောဥစ္စာကိုရင်း။ ဂဟေတွာ၊ ယူ၍။ ကတိပါဟံ၊ ၂-ရက် ၃-ရက်။ အာဂမေဟိ၊ ငံ့ဆိုင်းပါဦး။ ဣတိ-ဧဝံ၊ ဤသို့။ လဉ္စာနုပ္ပဒါနသင်္ခါတော ဝါ၊ တံစိုးပေးခြင်းဟုဆိုအပ်သည်လည်း ဖြစ်သော။ အဟံ၊ ငါသည်။ ဣမိနာ ဗလရာသိနာ၊ ဤဗိုလ်ပါရဲမက်အပေါင်းဖြင့်။ ပဋိဗာဟိဿာမိ၊ သေမင်းမလာအောင် တားမြစ်အံ့။ ဣတိ ဧဝံ၊ ဤသို့။ ဗလရာသိသင်္ခါတော ဝါ၊ ဗိုလ်ပါစုရုံးခြင်းဟု ဆိုအပ်သည်လည်းဖြစ်သော။ သင်္ဂရော၊ မိတ်ဆွေဖွဲ့ယှက် လက်ဆောင်ဆက်၍ လ ရက်ဆိုင်းဟု စစ်မက်ပြုငှာ ဗိုလ်ပါစုရုံးရခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဖွင့်ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ အာယသ္မန္တေဟိ၊ ငါ့ရှင်ဖြစ်ကုန်သော။ သပရိဝါရေဟိ၊ အခြံ

အရံနှင့်တကွဖြစ်ကုန်သော။ တုမှေဟိ၊ သင်တို့သည်။ အညာနိ၊ သံဝေဂဉာဏ်မှ တပါးကုန်သော။ သောကာဒျုပ္ပတ္တိကာရဏာနိ၊ သောကအစရှိသည်တို့၏ ဖြစ်ကြောင်းတို့ကို။ န မညိဘဗ္ဗာနိ၊ မအောက်မေ့အပ်ကုန်။ န စိန္တိတဗ္ဗာနိ၊ မကြံစည်အပ်ကုန်။

အပိစ၊ အကြောင်းတပါးကား။ ဣဒါနိ၊ ယခုအခါ၌။ ဧဝံ သန္တေပိ၊ဤသို့ဖြစ်ငြားသော်လည်း။ သဗ္ဗသံဃာဘာရဿ၊ အလုံးစုံသော သံဃာ့ဝန်ကို။ ဥဿာဟဝဟဏကမ္မံ၊ အားထုတ်ရွက်ဆောင်ခြင်းအမှုကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ အနဉ္ဈုပေက္ခိတွာ၊ လျစ်လျူမရှုမူ၍။ သကိစ္စသဘာရမိဝ၊ ကိုယ်မှုကိုယ်တာကဲ့သို့။ ဥ၂ထမ္မေတွာ၊ ထောက်ပံ့၍။ ဥဿာဟေတွာ။ အားထုတ်ချီးပင့်၍။ သာသနဝရဿ၊ သာသနာတော်မြတ်ကို။ ပဂ္ဂဟုပထမ္ဘနေ၊ ချီးမြှောက်ထောက်ပံ့ခြင်း၌။ မမ၊ ငါသာသနာပိုင်၏။ အတိရေကသမ္မာဆန္ဒော စ၊ လွန်ကဲသော သမ္မာဆန္ဒသည်လည်း။ အတ္ထိ၊ ရှိ၏။ တုမှာကဉ္စ၊ ငါ့ရှင်တို့၏လည်း။ သသမုဒ္ဒ၊ သမုဒ္ဒရာနှင့်တကွသော။ လင်္ကာဒီပံ၊ သီဟိုဠ်ကျွန်းကို။ သြတ္ထရိတွာ၊ လွှမ်းမိုး၍။ ပတ္ထရိတွာ၊ ပျံ့နှံ့၍။ ယာဝမန္တလေးနဂရာ၊မန္တလေးမြို့တော်တိုင်အောင်။ ပတ္ထဋ္ဌကိတ္တိတေဇာနုဘာဝေါ၊ ပျံ့နှံ့သော ကျော်စောခြင်း တန်ခိုးအာနုဘော်ရှိသော။ လင်္ကာဒီပေ၊ သီဟိုဠ်ကျွန်း၌။ အမရပုရနိကာယေ၊ အမရပူရဂိုဏ်း၌။ သာသနာဘိဝုဍ္ဎိကရဏေ၊ သာသနာတော် အထူးစည်ပင်အောင်ပြုခြင်း၌။ ဒဠှတရ အတိရေက သမ္မာဆန္ဒော စ၊ အထူးသဖြင့် မြဲမြံကဲလွန်သော သမ္မာဆန္ဒသည်လည်း။ အတ္ထိ၊ ရှိ၏။ ¨တသ္မာ၊ ထို့ကြောင့်။ ဆန္ဒဝတော၊ ဆန္ဒရှိသောငါ့အား။ ကိံနာမ၊ အဘယ်အမည်ရှိသော အမှုသည်။ န သိဇ္ဈတိ၊ မပြီးအံ့နည်း။ ဣတိဝစနုရူပံ၊ ဤစကားနှင့် လျော်စွာ။ တေသံ သမ္မာဆန္ဒာနံ၊ ထိုသမ္မာဆန္ဒတို့၏။ ဝသေန၊ အစွမ်းဖြင့်။ အမှာကံ၊ ငါသာသနာပိုင်တို့၏။ဟေတုသင်္ကပ္ပကမ္မကိစ္စ သံပုဏ္ဏသာမဂ္ဂိယကာလေ၊အကြောင်း အကြံ ကံ ကိစ္စ ပြည့်စုံညီညွတ်သော ကာလ၌။ လင်္ကာသီဟဠ္ဌတမ္ဗပဏ္ဏိဒီပိကာနံ၊ လင်္ကာ သီဟိုဠ် တမ္ဗပဏ္ဏိဟုဆိုအပ်သောကျွန်း၌ သီတင်းသုံးနေ့ထိုင်ကြကုန်သော။ အမရပုရဂဏသံဃာနံ၊ အမရပူရဂိုဏ်း သံဃာတို့၏။ သာသနာဘိဝုဍ္ဎိံ၊ သာသနာတော် အထူးပွင့်လင်းစည်ကားခြင်းကို။ [သုခေန၊ ချမ်းသာသဖြင့်။ သမ္မာဒေတွာ၊ ပြည့်စုံစေ၍။ ပဂ္ဂဟေတုံ၊ ချီးမြှောက်ခြင်းငှာ။ အဟံ၊ ငါသည်။ သမတ္ထော၊ စွမ်းနိုင်သည်။ အပ္ပေဝနာမ ဘဝေယျံ၊ ဖြစ်နိုင်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့။ သမ္မာမနောပဏိဓိနာ၊ ကောင်းသော မနောပဏိဓိဖြင့်။ အဟံ၊ ငါသည်။ ဥဒိက္ခန္တော၊ မျှော်လင့်လျက်။ ပတ္ထေန္တော၊ တောင့်

တာလျက်။ ဝိဟာရာမိ၊ နေ၏။ ဂူတိ၊ ဤသို့။ သန္ဒေသကထာ၊ အကြောင်းအရာ စကားကို။ ပဋိအာရောစယာမိ၊ ပြန်ကြားလိုက်၏။

သန္ဒေသကထာပါဠ် အနက်ပြီး၏။

---

## စာပေကျမ်းဂန် ချပို့ခြင်း

ဆရာတော်သည် မန္တလေးမြို့မြောက်ပြင် မဟာဇောတိကာရာမ စံကျောင်း တိုက်၌ သီတင်းသုံးတော်မူစဉ်၊ စစ်ကိုင်းမြို့ မြို့မငါးစဉ်ကျောင်း၌ သီတင်းသုံး တော်မူစဉ်၊ ရွှေရေးဆောင်တိုက်ကြီး၌ သီတင်းသုံးတော်မူစဉ် စာပေကျမ်းဂန် ချပို့တော်မူခြင်း၊ စာပေကျမ်းဂန်ပြုစုတော်မူခြင်းစသည်တို့ဖြင့် အချိန်ကို လွန် စေတော်မူလျက် ဘုရားသဗ္ဗညု သာသနာစည်ပင်အောင် ဆောင်ရွက်တော်မူခဲ့ လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ကို အလှူခံရရှိခြင်း

ဆရာတော်သည် သာသနာတော်၌ ထူးချွန်စွာ ဆောင်ရွက်တော်မူခြင်းတို့ ကြောင့် ရဟန်းသိက္ခာ ၂၃-ဝါအရတွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်း အပ်သော "ပဏ္ဍိတစေဲသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူခဲ့ရလေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ ထုတ်ဆိုဖော်ပြခဲ့သည့်အတိုင်း ဘုရားမြတ်စွာ သာသနာနှင့် အား သွန်ခွန်စိုက် ထမ်းရွက်တော်မူသော မိုးခိုင်းဆရာတော်ဟူ၍လည်း ကျော်စော ကိတ္တိရှိတော်မူသော ရွှေရေးဆောင်ဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတမှာ စွဲကပ်ရင်းစွဲရှိသော လေရောဂါဝေဒနာ တိုးတက်၍ လာလေ၏။ သက်သာ သည်ဟူ၍ မပါရှိချေ။ သို့ဖြစ်၍ သမုတိ သာသနာပိုင် ပခန်းဘုရားကြီး အမှူးရှိသော မန္တလေးမြို့ပေါ်မှ ထင်ရှားသော ဆရာတော်ဘုရား ကြီးများ ရွှေရေးဆောင်တိုက် တိုက်အုပ်တိုက်ကြပ် ဆရာတော်များ အစရှိ သော သံဃာတော်များ အုတ်ကျောင်းတော်ကြီးအမ အတွင်းဝန်ကတော်ကြီး အမှူးရှိသော ကျောင်းဒါယကာ ဒါယိကာမများတို့ နှိုးဆော်လို့လ ဉသာဟ ဖြင့် စောင့်ရှောက်ကုသပါသော်လည်း လေရောဂါသည် သက်သာသည်မရှိ တိုးပွားလျက်သာရှိကာ သက်တော် ၅၈၊ သိက္ခာတော် ၃၈-ဝါရရှိရာ သက္ကရာဇ် ၁၂၆၁-ခုနှစ်၊ တပေါင်းလဆုတ် ၁၃-ရက်၊ အင်္ဂါနေ့ ညနေ ၅-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

န ဟိ သော ဥပက္ကမော ဟောတိ၊ ယေန ဇာတာ န မိယရေ
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံ ဓမ္မာ ဟိ ပါဏိနော[၁]။

ယေန ဥပက္ကမေန၊ အကြင်လုံ့လ ဥဿာဟဝီရိယဖြင့်။ ဇာတာ၊ ကမ္မဘဝ အကြောင်းဆိုလေစ် ဖြစ်လာကြုံလာ သတ္တဝါတို့သည်။ န မိယရေ၊ မသေလွန် နိုင်ကုန်။ သော ဥပက္ကမော၊ မသေပါရန် အားသွန်ကြိုးကုတ် လုံ့လဝီရိယထုတ်မှု သည်။ န ဟိ အတ္ထိ၊ ကေန်တိတိ မရှိသည်သာ။ ဇရံ၊ သွားကျိုးဆံဖြူ ငယ်မူ ယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းသို့။ ပတွာပိ၊ မှန်စွာမဖောက် ရောက်၍ သော်ငြင်း။ အပတွာပိ၊ မရောက်မူ၍သော်ငြင်း။ မရဏံ၊ ဇုတိပြတ်ကြွေ သေလွန်ရခြင်းသည်။ ဟောတိ၊ ကောင်းကင်မြောက်ခဲ မြေကျနဲ့သို့ မလွဲ ပုံသေ ဖြစ်ရချေ၏။ ပါဏိနော၊ လောကမိုတင်း သတ္တဝါခပင်းတို့သည်။ ဧဝံ ဓမ္မာ ဟိ၊ ဤသို့ပုံသေ သေဆုံးရခြင်းသဘော ရှိပေကုန်သည်သာ။

## ရွှေရေးဆောင်ဆရာတော် အရှင်အာဒိစ္စရံသီ

ဆရာတော် အရှင်အာဒိစ္စရံသီဟူသော နာမည်ထက် ဆရာတော် ဦးကြည်၊ ဆရာတော်ကြည်ဟူသော အမည်တော်သည်သာလျှင် ရေပန်းသံဃာလောကစွဲ ပိုမို၍ ပျံ့နှံ့ထင်ရှားလေသည်။ သီပေါမင်း ပါတော်မူပြီးနောက် အင်္ဂလိပ်ခေတ် ခေတ်ဦးပိုင်းတွင် အရှင်အာဒိစ္စရံသီသည် အကျော်ကြားဆုံးသော ဂဏဝါ စကေ စာချဆရာတော် ဖြစ်တော်မူသည်။ "တောင်ပြင်ကြည်တလုံး" ဟူသော စကားမှာ ယခု အင်္ဂလိပ်ကျွန်သင် အရှင်အာဒိစ္စရံသီ (ဦးကြည်) ၏ စာပေချပို့ရာ ကျွမ်းကျင်မှုကို အကြောင်းပြု၍ ပေါ်လာသည့် ဝေါဟာရပင် ဖြစ်လေသည်။ ဆရာတော်ဦးကြည်နှင့် တခေတ်တည်း မန္တလေးမြို့ အနောက်ပြင် တောင်သမန် တိုက်၌ ဆရာတော် ဦးစိန္တာ ပေါ်ပေါက်ခဲ့ဘူးသည်။ ၎င်းဆရာတော် ဦးစိန္တာ၏ စာပေချပို့မှုကို အကြောင်းပြု၍လည်း အနောက်ပြင်စိန်တလုံးဟု ဝေါဟာရ ပေါ်လာလေသည်။

## ဒေသ ကာလ မိဘ

ဆရာတော်သည် မြင်းခြံခရိုင် တောင်သာမြို့နယ် မန်ကျည်းချိုရွာ၌ အဖ ရွှေပြည်ရန်အောင် တင်မှူးဦးကြာဝင်းနှင့် အမိ ဒေါ်ကြွယ်တို့မှ သာသနာ သက္ကရာဇ် ၂၄၀၁-ခု၊ ကောဇာသက္ကရာဇ် ၁၂၁၉-ခု၊ ဝါဆိုလဆန်း ၈-ရက်

---

၁။ သုတ္တနိပါတ။ ၃၇၁။ သလ္လသုတ်။

တနင်္ဂနွေနေ့ နေ့အဝင် ညဉ့် ၃-ချက်တီးကျော်တွင် ဖွားမြင်တော်မူသည်။ မိခင်မှာ ဆရာတော်လောင်းလျာ မဖွားမြင်မီ သန္ဓေစဉ် ကောင်းကင်ကြယ်တာရာများကို မျိုရသည်ဟု အိပ်မက် မြင်မက်လေသည်။ အိပ်မက်ကိုစွဲ၍ ဖွားမြင်လာသော သားကလေးကို "မောင်ကြည်"ဟု မိဖတို့က မှည့်ခေါ်ကြသည်။

## ပညာသင် သာမဏေဝတ်

သက်တော် ၁၀-နှစ်သားအရွယ်တွင် မန္တလေးမြို့ မြောက်ပြင် မဟာဇောတိကာရာမ စံကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သည့် မန်ကျည်းချိုရွာဇာတိ အရှင်တေဇဝန္တာဘိဓဇထံ မိဘတို့က အပ်နှံကြသဖြင့် ပညာသင်ကြားရလေသည်။အရှင်တေဇဝန္တာဘိဓဇ မန်ကျည်းချိုရွာ ပြန်ကြွသောအခါမောင်ကြည်ကို မင်္ဂလာမဟာဇောတိကာရာမတိုက်ကြီး၏ ဦးစီးနာယက "သုဒ္ဓသနဝရဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ စံကျောင်းဆရာတော်ဘုရားကြီးနှင့် မိုင်းခိုင်းဆရာတော်ဟု ကျော်စောလတံ့သော "ပဏ္ဍိတဇောတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ အရှင်ပဏ္ဍိတမထေရ်တို့ထံ အပ်နှံထားခဲ့လေသည်။ အရွယ်ရောက်သော် မင်းတုန်းမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် သာမဏေဝတ်ခဲ့သည်။ သာမဏေမူလဘွဲ့ရင်းမှာ ရှင်အနုရုဒ္ဓါ ဖြစ်လေသည်။ နောက်မှ သာမဏေ၏ တိက္ခဇဝနဂမ္ဘီရဖြင့် ပေါက်ရှမာတင် စွယ်စုံပညာရှင်ဖြစ်မည့်လမ်းစကို တွေ့ရှိမျှော်သင့်မိကြသဖြင့် ဥပဇ္ဈာယ်ဆရာတော်တို့က မူလဘွဲ့ကိုဖျောက်၍ ရှင်အာဒိစ္စရံသီဟူသောဘွဲ့ကို မှည့်ခေါ်တော်မူကြသည်။

တိပိဋကဝံသ ဇိရဟု ဩတ္တပ္ပဟိတ် ဂုဏ်နိမိတ်ကြောင့် အာဒိစ္စရံသီ သညီရှိန်းစိုထေရ်ပုဂ္ဂိုလ်သည်။(ဂမ္ဘီရဏ္ဏနိယံနိဂုံး—၅၄။)

## ငယ် လတ် ကြီးကျော် အောင်မြင်ခြင်း

နယုန်မာသ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း။
စပယ်မြတ်လေး၊ ရနံ့မွှေး၊ စာမေးသဘင်ခင်း—

ဟူသော ရာသီဖွဲ့ သံပေါက်အားလျော်စွာ စပယ်မြတ်လေးတို့ မွှေးကြိုင်သင်းပျံ့ပွင့်ကြရာ နယုန်လ မေထုန်ရာသီတွင် ထိုစဉ်က သုဓမ္မာစာပြန်ပွဲကြီး ကျင်းပလေ့ရှိလေသည်။ ထိုစာပြန်ပွဲကြီး၌ သာမဏေ ရှင်အာဒိစ္စရံသီသည် ရှင်လိင်ပြန်၍ ဆင်နွှဲပြန်ဆိုခဲ့ရာ ၁၃-နှစ်တွင် ပဌမငယ်၊ ၁၄-နှစ်တွင် ပဌမလတ်၊ ၁၅-နှစ်တွင် ပဌမကြီးတန်း ၁၈-နှစ်တွင် ပဌမကျော်တန်းတို့ကို အောင်ပန်းဆွတ်ယူပြန်ဆိုတော်မူခဲ့လေသည်။

## စံကျောင်းဆရာတော် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ

သက်တော် ၂၀–ရှိရာ သက္ကရာဇ် ၁၂၃၉-ခုနှစ်တွင် စလေမြို့စား လှေသင်း-အတွင်းဝန်မင်း မင်းကြီးသီရိမဟာဇေယျကျော်ထင်၏ ပစ္စယာနုဂ္ဂဟဖြင့် စံကျောင်း ဆရာတော်ဘုရားကြီး အရှင်သုဒဿန မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ကမ္မဝါစာဆရာတော်များမှာ မိုင်းခိုင်းဆရာတော်ဘုရားကြီးနှင့် တောင်ခွင် သာသနာပိုင်ဆရာတော် စသည့် ကျမ်းတတ် အကျော်အမော် ဆရာတော်တို့ ဖြစ်ကုန်၏။

## ရွှေရေးဆောင်တိုက်သို့

မြို့သစ်အတွင်းဝန်မင်း မင်းကြီးမင်းလှမဟာဇေယျသင်္ကြံဘွဲ့ခံ ဦးဖိုနှင့်ဇနီး မြစ်သားမြို့သား သုသီရိပဘာတို့၏ ပင့်လျှောက်ချက်အရ သက္ကရာဇ် ၁၂၅၇-ခုနှစ်တွင် မိုင်းခိုင်းဆရာတော်ဘုရားကြီး ရွှေရေးဆောင် ကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးသောအခါ ဦးကြည် ခေါ် အရှင်အာဒိစ္စရံသီကို မိုင်းခိုင်းဆရာတော်ကြီးက ခေါ်ယူသဖြင့် ၁၂၆၀-ပြည့်နှစ်တွင် ရွှေရေးဆောင် ကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး မလွန်ကျောင်းကြီးပေါ်၌ သီတင်းသုံးတော်မူ၍ စာပေပို့ချတော်မူရလေသည်။

## ပရိယတ္တိသာသနဟိတ သကျသီဟ မူလမ္မာစရိယစာချ

၁၂၆၀-ပြည့်နှစ် တပို့တွဲလဆန်း ၁၄-ရက်နေ့တွင် ပရိယတ္တိသာသနဟိတ အသင်းကြီးက ပရိယတ္တိသာသနဟိတသကျသီဟ မူလမ္မာစရိယ စာချအဖြစ် ကိုးကွယ်ထောက်ပင့်ခြင်းကို ခံယူတော်မူရသည်။

## ရွှေရေးဆောင်တိုက် အဓိပတိဖြစ်ခြင်း

သက္ကရာဇ် ၁၂၆၁–ခုနှစ် တပေါင်းလဆုတ် ၁၃-ရက်နေ့တွင် မိုင်းခိုင်း ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသောအခါ အရှင်အာဒိစ္စရံသီ ဘွဲ့နာမည်ရှိသော ဆရာတော် ဦးကြည်သည် ရွှေရေးဆောင်ကျောင်းတိုက်၏ အဓိပတိ မဟာနာယက ဖြစ်လာလေသည်။

ဥပရတေ ပဏ္ဍိတမှိ၊ အာဒိစ္စော နာယကော ဘဝိ။
ရွှေရေးဆောင်တိ ပသိဒ္ဓသ၊ ဝိဇ္ဇပီဌဝရဿ စ။

ဆီးပန်းနီကျောင်းတိုက်အတွင်း ၁၂၇၂-ခု မတိုင်မီက ဝန်စာရေးကြီး ဦးသာ ဇနီး ဒေါ်မြို့သူ ဆောက်လုပ်လှူဒါန်းသော အလယ်တိုက်ကြီးနှင့် စောင်းတန်း ရေတွင်းတို့ကို အလှူခံတော်မူရသည်။ ၎င်းပြင် ဆီးပန်းနီတိုက် အတွင်းမှာပင် နယ်ပိုင်ဝန်ထောက်မင်း ဦးအံ့ထူးနှင့် ဇနီးတို့၏ စာချကျောင်းကို

လည်း အလှူခံတော်မူ၍ ရွှေရေးဆောင် ဆီးပန်းနီတိုက်တို့၌ အလဲအလှယ် သီတင်းသုံးတော်မူသည်။

## စာလိုက်သံဃာ ၇၀၀-ကျော် စာချ

ဆရာတော် ဦးကြည်သည် ရွှေရေးဆောင်တိုက် ရောက်ရှိရာအခါ၌လည်း မှီခိုရောက်ရှိလာသော စာသင်သားတို့အား ကျေးဇူးရှင် စံကျောင်းဆရာတော်ကြီးနှင့် မိုင်းခိုင်းဆရာတော်ကြီးတို့ထံမှ ရအပ်သော နည်းနာနယ အဝဝကို ကျနစွာ သင်ကြားပြသ စာပေပို့ချတော်မူရာ စာလိုက်သံဃာမှာ ၄၀၀၊ ၅၀၀၊ ၆၀၀၊ ၇၀၀ ကျော် ပမာဏရှိကြောင်း အဆင့်ဆင့် သိရှိရလေသည်။

## ဆရာတော် ချပို့လေ့ရှိသော စာဝါများ

ဆရာတော်သည် စာသင်သားတို့၏ အလိုဆန္ဒ စာဆိုသူတို့၏ အရည်အသွေးကို ထောက်ဆ၍ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်၊ ဝိသုဒ္ဓိမဂ်၊ နေတ္တိ၊ ကစ္စည်း၊ သဒ္ဒါကြီး၊ ပဒရူပသိဒ္ဓိ၊ သဒ္ဒနီတိ စသည့် စာဝါများကို ချပို့တော်မူလေ့ရှိသည်။ အဘိဓမ္မာပိဋကကို မူလဋီကာတွဲဘက် ချပို့ရာ၌ ဆရာတော်သည် လွန်စွာကျော်ကြားတော်မူသည်။

## တင်လဲအိုး ၄၀၀-ကျော်

သက္ကရာဇ် ၁၂၇၉-ခုနှစ်က ဆရာတော် ဦးကြည် ရွှေရေးဆောင် အလယ်တိုက်ကြီးပေါ်၌ ဝိနည်းမဟာဝါ ပါဠိတော်နှင့် အဋ္ဌကထာတွဲဘက် ပို့ချတော်မူသည်။ အင်းဝနယ် ဘောင်ပြုံးရွာမှ သူကြီးမင်း ဦးကြာညိုက စာလိုက်သံဃာတော်တို့အား ကြည်ညိုလှသဖြင့် တပါးလျှင် တင်လဲအိုးဘအိုးစီ လှူဒါန်းရာ တင်လဲအိုးပေါင်း ၄၀၀ (လေးရာ)ကျော် ကုန်သတတ်။

## စတုမဓုအိုး ၄၀၀-မျှ

သက္ကရာဇ် ၁၂၈၆-ခုနှစ်က ဆရာတော်ဦးကြည်သည် ပွဲကုန်းရပ် ပွဲစား ဦးရှမ်းကြီး၏ ကောင်းမှု ကျောင်းသစ်ကြီးပေါ်တွင် ဝိနည်းပိဋကတော်ကို ချပို့တော်မူ၏။ ထိုအခါ မြစ်သားမြို့နယ် ဆင်ကွပ်ရွာမှ ဦးတင့် ဒေါ်တော်တို့နှင့်တကွ ရွာသစ်ရွာမှ ဦးစံငြိမ်း ဒေါ်ပုံတို့က ဆရာတော်ကြီးနှင့်တကွ စာလိုက်သံဃာတော်တို့အား တပါးလျှင် စတုမဓု တအိုးကျ လှူဒါန်းရာ စတုမဓုအိုးပေါင်း ၄၀၀-မျှ ကုန်သတတ်။

## ဘိလပ်ရည်ပုလင်း ၁၀၀၀–ကျော်

သက္ကရာဇ် ၁၂၈၇-ခုနှစ်က ဆရာတော်သည် နေတ္တိပါဠိတော်ကို အငှားကထာဋီကာတွဲဖက်၍ စာပို့ချတော်မူ၏။ ထိုအခါ တချို့ဒေသမှ ကျောင်းထိုင်နာယကဆရာတော်များပင် ကျောင်းတိုက်ကို အစောင့်ထား၍ စာလိုက်တော်မူကြသတတ်။ ထိုစာဝါ၌ စာလိုက်သံဃာမှာ ၆၀၀-ကျော် ၇၀၀-မျှရှိကြောင်း သိရလေသည်။ ထိုစဉ်က စာလိုက်သံဃာများကို ကြည်ညိုမဆုံး ဖြစ်လှသော ကျောင်းဒါယကာကြီး ဦးရှမ်းနှင့် ကျောင်းအမကြီး ဒေါ်အုံတို့က ဘိလပ်ရည်ကပ်လှူရာ ဘိလပ်ရည်ပုလင်းပေါင်း ၁၀၀၀-ကျော် ကုန်သတတ်။

### ဆရာတော်၏ ပညာရှိတပည့်များ

ဆရာတော်၏ စာပေကျမ်းဂန်ချပို့ဆု၌ နည်းပေးကောင်းမှုကြောင့် ပညာရှိ နည်းခံတပည့်ပေါင်း တိတိကျကျ ရေထွက်မရအောင် များလှကုန်သည်။

၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ။

၂ အဂ္ဂမဟာပဏ္ဍိတအရှင်နန္ဒဝံသမဟာထေရ်၊ မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ။

၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်အဂ္ဂဝံသမဟာထေရ်၊ကျွန်းရွာတောရ၊ တောင်သာမြို့။

၄။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇာဂရမဟာထေရ်၊ ပတ္တမြားတိုက် မန္တလေး။

၅။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇာဂရမဟာထေရ်၊(သုဓမ္မာဝင်) မိုးထိတိုက် မြောက်ပြင် မန္တလေး။

၆။ အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညမဟာထေရ်၊ ဘုရားကြီးတိုက်၊ ရန်ကုန်။

၇။ အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးကြွယ်၊ ဘုရားကြီးတိုက်၊ မန္တလေး။

၈။ အဂ္ဂမဟာပဏ္ဍိတ အရှင်ရေဝတဓမ္မမဟာထေရ်၊ဒေဝသာဂရသိမ်ကုန်းတိုက်၊ရန်ကုန်။

၉။ အဂ္ဂမဟာပဏ္ဍိတ အရှင်ကလျာဏမဟာထေရ်၊ ဧယံဘုံသာတိုက်၊ မန္တလေး။

၁၀။ အဂ္ဂမဟာပဏ္ဍိတအရှင်သုဒဿနမဟာထေရ်၊ကိုင်းကုန်းကျောင်းတိုက် ခရမ်းမြို့။

၁၁။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိမလဗုဒ္ဓိဝံသ ဓမ္မာစရိယချောင်၊စစ်ကိုင်းမြို့။
၁၂။ အဂ္ဂမဟာပဏ္ဍိတ အရှင်အာလောက၊မင်္ဂလာရုံ၊မြို့လည်ကျောင်းတိုက်၊ သိန္နီမြို့ ရှမ်းပြည်။
၁၃။ အဂ္ဂမဟာပဏ္ဍိတ အရှင်နေမိန္ဒ၊ ဝပ်တမအိုကျောင်း၊ လန်းပန်းမြို့၊ ယိုးဒယားပြည်။
၁၄။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဥက္ကံသ၊ ဇေယျာဝတီကျောင်းတိုက်၊ကြည့်မြင်တိုင်၊ ရန်ကုန်။
၁၅။ အဂ္ဂမဟာပဏ္ဍိတအရှင်ပညာဝံသ၊ဘုရားဖြူတိုက်၊ပုဇွန်တောင်၊ရန်ကုန်။
၁၆။ အဂ္ဂမဟာပဏ္ဍိတ အရှင်သုန္ဒရ၊ ရွှေစေတီသာသနာ့ရိပ်သာ၊ စစ်ကိုင်းတောင်ရိုး။
၁၇။ ဆရာတော်အရှင်ပညာစက္က၊ဓမ္မနာဒတိုက်၊ မင်းကွန်း။
၁၈။ အရှင်နန္ဒမာလာ၊ ဘာသန္တရကောဝိဒ၊ ညောင်တုန်း။
၁၉။ အရှင်ပဏ္ဍဝ၊ရွှေရေးဆောင်တိုက်အုပ်ဆရာတော်၊ရွှေရေးဆောင်တိုက်၊ မန္တလေးမြို့။
၂၀။ အရှင်ကောဏ္ဍည၊ကျီကုန်းဆရာတော်၊ ကျီကုန်းရွာ၊ ချောင်းဦး။

အထက်ဖော်ပြပါ ကျမ်းပြုစာချအကျော် ဆရာတော်တို့သည်လည်း ဆရာတော်ဦးကြည်ထံ နည်းခံဘူးသော ဆရာတော်များ ဖြစ်ကြသည်။

## ကျမ်းဂန်ပြုစုခြင်း

ဆရာတော်သည် စာချတာဝန်ဖြင့် လုပ်ငန်းကိစ္စကို ကျေပွန်သည်ဟု ယူဆတော်မမူသေးပဲ စာပေကျမ်းဂန်များကို ရေးသားပြုစုခြင်းဖြင့်လည်း သာသနာပြုတော်မူခဲ့သည်။ အမှန်မှာ ဆရာတော်မရှိသည့်နောက်၌သည်း ကိုယ်စားနည်းပေးရစ်ရန် ရေးသားတော်မူခဲ့ခြင်းဖြစ်လေသည်။ ၎င်းကျမ်းများမှာ—

၁။ ဂမ္ဘီရတ္ထနိယာမခေါ် ရွှေရေးဆောင်နိယံ၊
၂။ ဂမ္ဘီရတ္ထနိယာမဝိသဇ္ဇနာကျမ်း၊
၃။ သောတုဇနဟိတကာရီကျမ်း၊
၄။ သိမ်လက်ာ၊
၅။ ဟာရကောက်လက်ာ၊
၆။ သုံးဗောဓောတက ဗေဒင်ကျမ်း၊
၇။ ဘေဒစိန္တာဋီကာနိဿယ—

စသည်တို့ဖြစ်ကုန်၏။

ကျမ်းစာအချို့တို့ကိုလည်း ဆရာတော် ပြင်ဆင်တော်မူခဲ့သည်။ ၎င်းတို့မှာ ဘောဒစိန္တာဋီကာဟောင်း၊ ဘောဒစိန္တာဋီကာသစ်၊ မုခ္ခမတ္တဒီပနီသယ၊ ဝိနည်းမဟာဝါဂဏ္ဌိ၊ နေတ္တိပါဠိတော်နိသ္သယစသည်တို့ ဖြစ်ကုန်၏။

## ရွှေရေးဆောင်နိသျ

ဆရာတော် ဦးကြည် ပြုစီရင်ခဲ့သောကျမ်းများအနက် ဂမ္ဘီရတ္ထနိယာမခေါ် ရွှေရေးဆောင်နိသျမှာ နိသျလက်ကားဗျာပေါင်း ၆၅၁-ပုဒ် ရှိသည်။ ၎င်းကျမ်းမှာ ရွှေရေးဆောင်တိုက်မဆက်မီ မဟာဇေတိကာရာမ စံကျောင်းတိုက်၌ နေစဉ် သက္ကရာဇ် ၁၂၅၉-ခု၊ တပေါင်းလပြည့်၊ တနင်္ဂနွေနေ့တွင် ရေးသား ပြီးဆုံးလေသည်။ သို့ဖြစ်၍ ယင်းနိသျကို စံကျောင်းနိသျဟုလည်း ခေါ်သည်။

မန္တလေးမြို့ ပညာသိပ္ပံ ပိဋကတ်စာပုံနှိပ်တိုက် ၁၂၇၇-ခု ရိုက် ရွှေရေးဆောင်နိသျမျက်နှာဖုံး၌ "မိုင်းခိုင်းဆရာတော်ဘုရားကြီး၏ အန္တေဝါသိက ရွှေရေးဆောင်တိုက် တိုက်အုပ်ဆရာတော် ဦးအာဒိစ္စ စီရင်ရေးသားအပ်သော ဂမ္ဘီရတ္ထအမည်ရှိသော စံကျောင်းနိသျ"ဟု ပါရှိလေသည်။ ဆရာတော်သည် ဖော်ပြပါ ရွှေရေးဆောင်နိသျကျမ်းဦး၌လည်း—

> သေဋ္ဌာဓိပ္ပ၊ သမ္မုဒ္ဓနှင့်၊ မွေသံဃာ၊ မြတ်ဆရာအား၊ သုံးဖြာဒွါရ၊ ပဏာမကြောင့်၊ ဘယမလိမ်း၊ ကင်းပျောက်ငြိမ်းသား၊ ခင်သိမ်းပေါယယ်၊ စသင်ငယ်တို့၊ နားဝယ်ချိုစေ၊ မှာထားပေအံ့၊ သုံးထွေပိဋကတ်၊ တတ်ကြောင်းမှတ်လေ၊ ပုဒ်နေ ပုဒ်ထား၊ ပုဒ်သွား ပုဒ်လာ၊ ပုဒ်မှာ ပုဒ်ထပ်၊ ပုဒ်ဟောစပ်၍၊ တပ်တပ်မမြင်၊ မသိလျှင်ပဲ၊ အမြဲမှန်စွာ၊ ရှည်ကြာ ညဥ့်နေ့၊ အားထုတ်၍လည်း၊ မတွေ့ဓိပ္ပာယ်၊ အနက်ပြယ်လိမ့်၊ ပုဒ်ဝယ်ဆုံးဖြတ်၊ ဆတ်ဆတ်မုချ၊ သိမှုဒါကလည်း၊ ဝါကျသိုထား၊ စကားသွားကို၊ မမှားကောန်၊ မသိပြန်သော်၊ အာဘော် မသိ၊ ကျမ်းမမိတည့်၊ မှတ်ဘိနောင်လာ၊ မျိုးသိဿာတို့၊ ပုဒ်ပါဝါကျ၊ အာဘော်ရအောင်၊ နေယျလီန၊ ဂူဠ္ဌတ္ထနှင့်၊ ဝက်ဥဇု၊ နီဘတ်စုမှာ၊ ယုတ္တာယုတ္တိ၊ ရှေ့နောက်ညှိ၍၊ သိအောင်ကြံသော်၊ အာဘော်လည်းသိ၊ ကျမ်းလည်းမိလိမ့်၊ မသိရှိသော်၊ သု-စိ-ပု-ခ၊ ဤလေးဖြာဖြင့်၊ ဆရာ့ထံရင်း၊ ဝင်စင်းတုပ်ကွ၊ နာခံကမူ၊ နေယျအာဒိ။ ထိုးထွင်းသိ၏၊ နက်ရှိုရှစ်ဖြာ၊ မသိပါ၍၊ ကျမ်းမှာ ပါဠိလျှောက်၊ နက်ရောက်မျှသာ၊ လေ့လာပြမ်းတီး၊ အာသာပြီးလတ်၊ သိရုံမှတ်က၊ စာတတ်မမည်၊ သို့ဖြစ်သည်ကြောင့်၊ အရှည်နောင်လာ။ တတ်စိမ့်

ငှာဟု၊ ကရုဏာသွား၊ အရင်းထား၍၊ ရွှေဖျားမာတင်၊ မုံသောက်တွင်သည့်၊ ဆရာရှင်တို့၊ နည်းလျှင်သိပ်သည်း၊ နိဿယည်းကို၊ ယူနည်းထင်လင်း၊ ကျမ်းပေါင်းရှင်း၍၊ မကျဉ်းမကျယ်၊ အသွယ်သွယ်ဖြင့်၊ ခိပ္ပာယ်ဥဿုံ၊ မဆိုတုံလည်း၊ ကုံလုံလောက်င၊ ရွယ်တိုင်းရအောင်၊ ဝါကျသိုရာ၊ ထိုသိုမှာ၌၊ လိုရာခဲခက်၊ အာဘော်ဝက်ရာ၊ ရွေးချယ်ပါ၍၊ ထင်စွာထွန်းလင်း၊ ကဗျာကျင်းအံ့၊ ထိုးထွင်းသိကြလေကုန်မင်း”

ဟူသော ကေပိုဒ်လင်္ကာဖြင့် ပမာဏာဒိဥယျောဇဉ် ပြုတော်မူခဲ့လေသည်။

ကျမ်းစာအဆုံး၌လည်း—

ကြားပိမ့်နှောင်လာ၊ မော်ကွန်းသာအံ့၊ ရတနာပုံ၊ ဇေယျုံပူရ၊ မန္တလမှ၊ နာဂစ်တည်၊ ရပ်နန်းရည်သာ၊ ရွှေပြည်ရန်အောင်၊ ယခေါင်မိန့်မြွက်၊ အနောက်လက်ဝယ်၊ ထွန်းတက် သာသနာ၊ ပွင့်လင်းဖြာ၍၊ တေဇာဖြိုးတောက်၊ ဂုဏ်ရည်မောက်သည့်၊ ကျောက်ဆောက်မြို့ကြီး၊ နယ်သီးအဝင်၊ သူတော်စင်တို့၊ ခိုဝင်ကပ်ဆည်း၊ ကျင့်သိပ်သည်းသည့်၊ မန်ကျည်းချိုရွာ၊ နိဂမာတွင်၊ ဖွားရာဇာတိ၊ နေရင်းရှိသာ၊ တိပိဋကာ၊ ဝဇီရဟု၊ ဩကပ္ပဟိတ်၊ ဂုဏ်နှိမိတ်ကြောင့်၊ အဒိဗ္ဗရုံသိ၊ သညီရှန်းစို၊ ထေရ်ပုဂ္ဂိုလ်သည်။ အပ်ဟိုရွှေလာ၊ သာသနာဝံသ၊ နိဿယမူ၊ နှစ်ဆူနေလ၊ ထွန်းတောက်ပသို၊ ဉာဏခေါ်ထိ၊ တရိဆေက၊ ဂန္ထပါရဂူ၊ လင်းယဉ်ထူးသော၊ ဝိဒူပါမောက်၊ မုံသောက်မာတင်၊ နယ်ဝင်ဇာတိ၊ ရာဇာဓိရာဇာ၊ မင်းဆရာဟု၊ ရွှေဗျာခတ်နှိပ်၊ တံဆိပ်တော်ရ၊ သုံးလူ့ဘ၏၊ သုံးဝသာသနာ၊ တန်ခိုးဖြာသော၊ စန်–ဉာ-ဂု-နန်၊ ဆင့်ရန်တဖော့၊ သူ-ဥ-သု-ပဏ်၊ ရှစ်တန်ထေရ်မော်၊ ကျွန်းလုံးကျော်တို့၊ ရွှေသော်ဆရာ၊ နောက်မှာသိဿ၊ ဆင့်ဆင့်ပြလော့၊ ဝံသစင်ကြယ်၊ ငါတို့နွယ်တည်း၊ ဂုဏ်ဝယ်လွန်ကျူး၊ ကျေးဇူးတော်ဟုန်၊ မြင်းမိုရ်တုန်မျှ၊ ဝသုံဘဝဂ်၊ ပြည့်လျှံတက်သို၊ အောက်ထက်ထွန်းပြောင်၊ ဉာဏ်နေရောင်ဖြင့်၊ အမှောင်ထိုးထွင်း၊ လင်းကြီးလင်းလျက်၊ သတင်းကြေညာ၊ ဂုဏ်ပေါင်းဖြာသည့်၊ ပဏ္ဍိတာဓဇ၊ သိရိပဝရ၊ မဟာဓမ္မ၊ ရာဇာဓိရာဇ၊ ဂုရုရပြီး၊ တံဆိပ်ကြီးဖြင့်၊ ချီးမြှင့်ကော်ရော်၊ မင်းပူဇော်ခံ၊ တန်ခိုးလျှံလိုင်း၊ တုဘက်ရှိုင်းသော၊ မိုင်းခိုင်းတွင်ခေါ်၊ ဆရာတော်၏၊ ထောက်မြော်သိဿ၊ လက်ထပ်ရ၍၊ ဗလသတ္တိ၊ ရှိသည့်တမူ၊ ဗိုလ်လူပေါ်ယယ်၊ စာသင်ငယ်တို့၊ အလွယ်ဘကူ၊ မှတ်ယူစိမ့်ငှာ၊ မျှားစွာပါဠိ၊ ဖွင့်ရှိအဋ္ဌကထာ၊ ဋီကာအနု၊ မဓုမကြွင်း၊ ကျမ်းပေါင်းရှင်း၍၊ ခဲယဉ်းကွေ့ကောက်၊ နက်နဲလောက်စွာ၊ ဖုံးကွယ်ရာ၌၊ ဖွေရှာစိစစ်၊ ကျမ်းဆီညွှစ်လျက်၊ အနှစ်မေဒနီ၊ ခြသေ့ဆီသို၊ သင်္ဂိန္နန်းစံ၊

ဖွဲ့စီမံရာ၊ အလင်္ကာမြတ်၊ သကတ်စွဲမှီ၊ ကျမ်းသညီကား၊ ဂမ္ဘီရတ္ထ၊ နိယာမ တည့်၊ ဆောင်ကြွအာဂုံ၊ သုံးပုံပိဋကတ်၊ မချွတ်တတ်အံ့၊ ကျမ်းမြတ်ရတနာ၊ နိယာမာ၏၊ ပြီးရာ နှစ်လ၊ ရက်ကျမှတ်ချက်၊ ဓမ္မက္ခရာ၊ သာသနာမူ၊ -ပ-ဘူ-ဝိ-ဋ္ဌ၊ တဂ္ဂုဏမှီ၊ ပုဏ္ဏမီစေ့၊ ရဝိနေ့တွင်၊ ပြီးအောင်မြင်သည်။ ဤလျှင် နိဂုံးဇာပြီးတည်း—

ဟူသော လင်္ကာကြီးဖြင့် ဇာတိဌာနေ မွေးရပ်မြေနှင့် ဆရာစဉ်ဆက် စသည်ကို လိုသည်မရှိအောင် ပြည့်စုံစွာ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

## ဂမ္ဘီရတ္ထနိယာမဝိသဇ္ဇနာကျမ်း

ဆရာတော်သည် မိမိရေးသားစီရင်တော်မူအပ်သော ဂမ္ဘီရတ္ထနိယံ(ရွှေရေး ဆောင်နိယံ၊ စံကျောင်းနိယံ)ကျမ်း၏ အဖြေကျမ်းကြီးကိုလည်း ဂမ္ဘီရတ္ထ နိယာမဝိသဇ္ဇနာကျမ်းဟူသော အမည်ဖြင့် စီရင်တော်မူခဲ့လေသည်။ မိမိ ရေးသော နိယံကျမ်း၏အဖြေကို မိမိကိုယ်တိုင် ရေးစီရင်ခြင်းသည် ပိုမို၍သဘာဝ ကျပေသည်။ ဆရာတော်သည် ဂမ္ဘီရတ္ထနိယာမဝိသဇ္ဇနာကျမ်းဦး၌—

၁။ ဂမ္ဘီရတ္ထံ နိယာမေန္တော၊ ဟိတာယ ဒုက္ကရံ စရံ။
ပဇာနံ ယော ဇိနော မယှံ၊ သမ္မာလေတု သဒါ ဟိတံ။

၂။ အပ္ပက္ခရာဒိလက်တံ၊ ဗဟွတ္ထာဒိ ဝိစိတ္တာဠ။
ဂမ္ဘီရတ္ထနိယာမကံ၊ ဝိသဇ္ဇတမဟံ ပုဏ္ဏ—

ဟူသော ၂-ဂါထာဖြင့် ပဏာမ ပဋိညာဉ် ပြုတော်မူခဲ့လေသည်။ ကျမ်း၏ အဆုံး၌လည်း—

၁။ ဂမ္ဘီရတ္ထ နိယာမော စ၊ သဟ ဝိသဇ္ဇနေ နမေ။
ဟိတာယ သောတူနံ ကတော၊ နာနာဂန္ထေဟိ သံဒိယ။

၂။ ပုညေန တေနိစေဝါဟံ၊ ပပ္ပေါမိ ဂမ္ဘီရံ ပဒံ။
နော စေ ဘဝေ အယဂ္ဂေါဝ၊ ပစ္စယောသု ဘဝါမိ တု။

၃။ ပုဏ္ဏကုမ္ဘော ဝိယိဋ္ဌေဝေ၊ သမ္ပုဏ္ဏော ကိစ္စ သိဒ္ဓိမေ။
သဗ္ဗသိပ္ပါယတနေသု၊ ဂမ္ဘီရေ ပဥကမနိဒ

၄။ ပါရဂူ ဟောမိ ဝိသဇ္ဇေ၊ ဒုဇ္ဇနေဟိ န သံဝသေ။
အနတ္ထံဝ ပရေသံပိ၊ န ကရေ န စ စိန္တယေ။

၅။ သတ္တေသု ဟိတကာမော၊ သဒ္ဒါ ဟောမိ ဘာဝေ ဘာဝေ။
ဣမေဟိ ပုညကမ္မေဟိ၊ အညကမ္မေဟိ သဗ္ဗဒါ။
၆။ ဘမ္မဒန္တေ သုခေ စာလင်္ကေ၊ စာဂေသု စ ပမောဒယံ။
ဒါနေသု သံဝိဘာဂေ စ၊ ပီတိပါမောဇ္ဇမာနသော။
၇။ ပုရိသုတ္တမော ဘာဝေသု၊ ဒုတိယာဒိသု တံ ပဒံ။
တထာ နော စေ အဝဿံ၊ မေတ္တေယျေ မုနိပုင်္ဂဝေ—

ဟူသော ၇*ဂါထာဖြင့် တောင်းဆုချွေ၍ နိဂုံးအုပ် အထွတ်တပ်တော်မူခဲ့လေသည်။ယင်းဂမ္ဘီရတ္ထနိယာမပဝိဿဇ္ဇနာကျမ်းကြီးကား စာမျက်နှာ ၃၀၀–ကျော်စီရှိ ကျမ်းစာအုပ်ကြီး ၃–တွဲ ရှိလေသည်[၁]။ ဆရာတော် ဦးကြည်၏ ဂမ္ဘီရတ္ထမည်သော ရွှေရေးဆောင်နိယံနှင့် ဂမ္ဘီရတ္ထနိယာမပဝိဿဇ္ဇနာကျမ်းကို မပြတ်ဖန်ခါ အလေ့အလာပြုပါက စာပေမနိုင်စရာ၊ ပါဠိမနိုင်စရာ၊ မပိုင်စရာ အကြောင်းမရှိပါချေ။

## သောတုဇနဟိတကာရီကျမ်း

ဆရာတော်ဦးကြည်သည် စာသင်သားတို့အား ပိဋကတ်စာပေကူးခတ်ရာ၌ ကျေးဇူးဥပကာရပြု၊ အထောက်အကူပြုတတ်သော သောတုဇနဟိတကာရီကျမ်းကိုလည်း ပြုစုစီရင်တော်မူခဲ့သည်။ ယင်း သောတုဇနဟိတကာရီကျမ်း၌_

၁။ ဓာတုသင်္ခေပပါဌ်၊
၂။ ကစ္စာယနဓာတုမဉ္ဇူသာပါဌ်၊
၃။ ကစ္စာယနဓာတုမဉ္ဇူသာနိဿယ၊
၄။ ကောက္ခရကောသလင်္ကာ၊
၅။ သီမာသာရဝိနိစ္ဆယကဗျာလင်္ကာ၊
၆။ နိပါတတ္ထဝိဘာဝနီ၊
၇။ ထပနာဒိပဉ္စကာဆယ္ကပဒီပ၊
၈။ ဝိသေသနာဒိသမ္ဗန္ဓဒီပ—

နှင့် နိဂုံးတို့ ပါရှိသည်။ ရင်းပြင် ယင်းသောတုဇနဟိတကာရီ ကျမ်းစာ၏အဆုံး၌ နောက်ဆက်တွဲ ဗုဒ္ဓဃောသဝိဝနုစရိတလည်း ပါရှိလေသည်။ ယင်း သောတုဇနဟိတကာရီကျမ်းဦးအစ၌—

---

၁။ ၁၉၃၆–ခုနှစ်က ရန်ကုန်မြို့ ဇမ္ဗုမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ပဌမတွဲ စာမျက်နှာ ၃၁၇၊ ဒုတိယတွဲ ၃၁၉၊ တတိယတွဲ ၃၁၉–ရှိခဲ့လေသည်။

၁။ ဝေနေယျာနံ ဟိတံ ကာရံ၊ တိဘာဝါဘိနတာရဟံ။
ဇိနံ ပဏာမျ သက္ကစ္စံ၊ နိရုတ္တိ ဓမ္မဒေသကံ။
၂။ သန္တိကာ ဂရုသေဋ္ဌာနံ၊ နယံ လဒ္ဓါန ဝါစနံ။
သောတူနံ ဟိတကာရတ္ထံ၊ ပရိယတ္တ္ဝ မုသုက္ကတံ။
၃။ သောတူနံ ဇနယန္တံ စ၊ ဟိတံ ဉာဏာဿ ဝဍ္ဎနံ။
သောတုဇနဟိတကာရိံ၊ ပဝက္ခာမိ သုဏာထ မေ—

ဟူသော ၃-ဂါထာဖြင့် ဂန္ထာရမ္ဘ (ပဏာမာဒိမုခဗန္ဓ) ပြုတော်မူခဲ့လေသည်။ ၎င်းပြင် ဤသောတုဇနဟိတကာရီကျမ်းလာ ဓာတုသင်္ခေပပါဠ်၌လည်း-

၁။ ဇိနံ သဒ္ဓမ္မတာရံ၊ ဝန္ဒိတွာ ဓာတုသံခေပံ။
ကဿံ သံခိပျ ဝိတ္ထာရံ။ ယမ္ဟိဖြိုတွာ သဘာဂဋ္ဌ။
၂။ တွာဒိမှိ ပဌမန္တေန၊ ဘုမ္မန္တေန စုရာဒိမှိ။
ဝဏ္ဏက္ကမေန ဝါဠေယျာ၊ အတ္ထာ သေသာ သနာမေန—

ဟူသော ၂-ဂါထာဖြင့် ပဏာမ၊ ပဋိညာဉ်၊ အမှာစကားတို့ကို ပြဆိုတော်မူခဲ့သည်။

ယင်းဓာတုသံခေပပါဠ် အဆုံး၌—

၁။ သုဗောဓတ္ထာယ ဗာလာနံ၊ သံခိပျ သုဋ္ဌု သင်္ဂဟံ။
ဓာတူန မတိဝိတ္ထာရံ၊ အာဒိစ္စရံသိနာ ကတံ။
၂။ ပုညေန တေန သံခိပျ၊ သံသာရစက္ကဓာဝနံ။
ဝိသုဒ္ဓစာရိနော သတ္တာ၊ ပါပုဏန္တု သုခံ ပဒံ—

ဟူသော ၂-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

## ကစ္စာယန ဓာတုမဉ္ဇူသာ

ကစ္စာယန ဓာတုမဉ္ဇူသာ ကျမ်းငယ်မှာ သီဟိုဠ်ကျွန်း သာသနာသက္ကရာဇ် ၁၇၀၀-ပတ်ဝန်းကျင်လောက်က ပေါ်ထွန်းခဲ့သည့် ပါဠိ ပညာရှင် သံဃနာယက သံဃထေရ်၊ သံဃရာဇာ တပါးဖြစ်တော်မူသော အရှင်သီလဝံသထေရ် ပြုစုခဲ့သော ကျမ်းငယ်ဖြစ်သည်။ ယင်းကျမ်းငယ်ကို ပရိယတ္တိသာသနာတော်အတွက် ကျေးဇူးများအံ့သည်ကို မြင်တော်မူသဖြင့် သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာပြန်၍ သောတုဇန ဟိတကာရီကျမ်း၌ ထည့်သွင်းတော်မူခဲ့သည်။ ယင်းကစ္စာယနဓာတုမဉ္ဇူသာကျမ်းငယ်၏ ကျမ်းဦး၌—

နိရုတ္တိ နိကရာ ပါရ-ပါရာ ပါရန္တဂံ မုနိံ။
ဝန္ဒိတွာ ဓာတုမဉ္ဇူသံ၊ ဗြူမိ ပါဝစနညုသံ။

သောဂတာ ဂမမာဂမ္မ၊ တံတံ ဗျာကရဏာနိ စ။
ပါဠိံ စာ ပဋိတာ ပေတ္ထ၊ ဓာတွတ္ထာ စ ပမုစ္စရေ။

ဆန္ဒဟာနိတ္တ မောကာရံ၊ ဓာတွန္တာနံ သိယာ ကွစိ။
ယူနံ ဒီဃော စ ဓာတုမှာ၊ ပုဗ္ဗမတ္တ ပဒံ အပိ-

ဟူသော ၃-ဂါထာဖြင့် ကျမ်းဆရာ အရှင်သီလဝံသထေရ် ပဏာမ၊ ပဋိညာဉ်၊ အမှာအထား ပြုတော်မူသည်။

ကျမ်း၏အဆုံး၌လည်း—

၁။ ဘူဝါဒိ စ ရုဓာဒိ စ၊ ဒိဝါဒိသွာဒယော ဂဏော။
ကိယာဒိ စ တနာဒိ စ၊ စုရာဒီတိ စ သတ္တဓာ။

၂။ ကြိယာဝါစိတ္တမက္ခာတုံ၊ မေကေကတ္ထော ဗဟုဒိတော။
ပယောဂတော နုဂန္တဗ္ဗာ၊ အနေကတ္ထာဟိ ဓာတဝေါ။

၃။ ဟိတာယ မန္ဒဗုဒ္ဓီနံ၊ ဗျတ္တံ ဝဏ္ဏက္ကမာ လဟုံ။
ရစိတာ ဓာတုမဉ္ဇူသာ၊ သီလဝံသေန ဓီမတာ။

၄။ သဒ္ဓမ္မပကော်ရုဟာရာဇဟံသော၊
အာသိဋ္ဌဓမ္မဋ္ဌိတိ သီလဝံသော။
ယက္ခဒ္ဒလေနာကျနိဝါသဒါသိ၊
ယတိဿရော သောယမိဒံ အကာသိ—

ဟူသော ၄-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်း သီလဝံသထေရ်မှာ "သေလန္တရာယ တနဝါသိက သီလတ္ထေရပါဒေါ" ဟူသော ဝုတ္တောဒယ ဆန်းကျမ်းနိဂုံးလာ သေလန္တရမူလာယတနဂိုဏ်းဝင်[၁] အရှင်သံဃရက္ခိတထေရ်၏ ဆရာတပါးဖြစ်ကြောင်း သီဟိုဠ်ဘာသာရေး ပါဠိသမိုင်း၌ ဆိုသည်။

---

၁။ သေလန္တရမူလာယတနစသော နိကာယ်များနှင့်စပ်၍ သိမှတ်ဖွယ် ပခုက္ကူ အဘိဓာန်နိဿယ၊ ၇၃၁-ကြည့်။

## ထပနာဒိပဉ္စက ဆက္ကပဒီပ

ဆရာတော်သည် ထပနာဒိပဉ္စက ဆက္ကပဒီပကျမ်းငယ်ကိုလည်း—

ယတ္ထ ယတ္ထ ပဒေသေ့ဝ၊ ဒိဋ္ဌေ ဝိဿဇ္ဇနေ သတိ။
တတ္ထ တတ္ထုဒ္ဓရိတဗ္ဗာ၊ ပုစ္ဆာ တာဝ ဝိဘာဝိနာ—

ဟူသော ရှေးဆရာမြတ်တို့၏ မှာတမ်းတော်အရ စကားကျမှာ အကြင်အကြင် ပုဒ်တို့၌ အဖြေကို မြင်သည်ရှိသော် ထိုထိုပုဒ်တို့၌ အတင်ပုစ္ဆာကို ထုတ်အင်၏ဟု မိန့်သောကြောင့် “နီလော ပဋ္ဌော” ဟူသော ပုဒ်ဝါကျ၌ ဝိသေသန၊ ဝိသေသျ နှပ်ပါးကပင် ထပနာပဉ္စက၊ ပုစ္ဆာလေးပါးတို့ဖြင့် စုံလင်အောင် တက်ပြပေအံ့ ဟူ၍ ပဋိညာဉ်ပြု၍ ကျမ်းစာငယ်ကို စီရင်တော်မူလေသည်။ ဆရာတော်သည် ထပနာပဉ္စက ပုစ္ဆာလေးပါးနှင့် ထပနာဆက္က ပုစ္ဆာတို့၏ အင်္ဂါငယ်ကို အကျဉ်းအားဖြင့် မှတ်သားလွယ်အောင် အောက်ပါလင်္ကာချုပ်ကိုလည်း ဖော်ပြတော်မူခဲ့သည်—

### အချုပ်လင်္ကာ

သောတုခပင်း၊ မှတ်ကုန်လျှင်းလော့၊ မူရင်းအစ၊ ပါဠိရအနက်၊ ပုဒ်စပ်ဖက်ကာ၊ သမာသာဒိ၊ ခွဲခြမ်းဘိ၍၊ ဣစ္ဆိတတ္ထ၊ ယုတ္တိပြလျက်၊ သိကြတဖြာ၊ ထိုထွင်းပါ၍၊ ဆရာစဉ်ဆက်၊ ဆုံးဖြတ်ချက်ကို၊ နှုတ်တက်မကျန်၊ ကောန်သိလည်း၊ နှိုက်ဘိအာဘော်၊ သိသော်မှသာ၊ ကျမ်းတက်ရာသည်။ မှန်စွာ မုချ မလွဲတည်း။

ဖော်ပြပါ သောတုဇနဟိတာကာရီကျမ်းအဆုံး၌လည်း—

၁။ ဘာ့တော ဝိယ နဘော စန္ဒော၊ ဥဒိတာ ဒိစ္စဗန္ဓုနော။
မုနိန္ဒာရဿပုတ္တော ယော၊ စန္ဒမဉ္ဇူသနာမကော။

၂။ အာဂမေတနယာ ဝံသမှာ၊ အာဒိစ္စရံသိနာ ကတော။
ဟိတတ္ထ မေဝ သောတူနံ၊ ဂရူနံ နယမုတ္တမံ။

၃။ အကိစ္စေန သံကမိုယာ၊ တဿ နိဋ္ဌံ ယထာ ဂတံ။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ တထာ ပါဏိန မုတ္တမှာ။

၄။ ပုညေန် တေန အမတံ၊ သိဿံ ပပ္ပေါမိ ပတ္ထိတံ။
သံသာရစက္ကဝိဒ္ဓံသံ၊ အစ္စန္တသုခမုတ္တမံ—

ဟူသော ၄-ဂါထာဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်း နောက်ဆက်တွဲသာ ဗုဒ္ဓဃောသဇီဝနစရိတမှာ မဟာဝံသလာ ဂါထာများဖြစ်၏။ ယင်း သောတုဇနဟိတကာရီကျမ်းမှာ ကရောင်း ၁၆-ချိုး ဆိုက် ၂၅၂-မျက်နှာရှိသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့ အမြွက်မျှ ဖော်ပြခဲ့သည့်အတိုင်း အလွန်လျှင် ဘုရားရှင်သာသနာတော်၌ အလုပ်လုပ်သော သာသနာသမိုင်းတွင် ဥဒါန်းတွင်ရစ်မည့် သီလဂုဏ်မေရု သမာဓိဂုဏ်မြေအထု ပညာဂုဏ်သိန္ဓုဖြစ်တော်မူသော ဂဏဝါစက အကျော် ဂန္ထကာရကအကျော် အာဒိစ္စရံသိဘွဲ့ထူးချီသော ရွှေရေးဆောင်ဆရာဘုရားကြီး ဦးကြည်သည် သက်တော် ၇၈-နှစ် ဝါတော် ၅၈-ဝါ ရရှိရာ သက္ကရာဇ် ၁၂၉၇-ခုနှစ် ဦးတန်ခူးလဆုတ် ၄-ရက် တနင်္ဂနွေနေ့ နံနက် ၇-နာရီ မိနစ် ၂၀-အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဖလာနမိဝ ပက္ကာနံ၊ ပါတော ပတနတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

ပါတော၊ နံနက်စောစောကာလ ခါသမယ၌။ ပက္ကာနံ ဖလာနံ၊ မှည့်ရင့်ကုန်ပြီး သစ်သီးတို့၏။ ပတနတော၊ အညာမခိုင်သဖြင့် ကြွေကျခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေ ဣဝ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ဇာတာနံ မစ္စာနံ၊ ကမ္မဘဝ အကြောင်းဆိုလယ် ဖြစ်လာကြုံလာ သတ္တဝါတို့အား။ နိစ္စံ၊ အမြဲနိစ္စ ထာဝရ။ မရဏတော၊ စုတိပြတ်ကြွေ သေလွန်ခြင်းမှ။ ဘယံ၊ ပူပန်ညှိုးမှိန် စိုးရိမ်ခြင်းသည်။ ဝါ၊ ကြောက်ဖွယ်သည်။ ဇာယတေ၊ ပုံသေမုချ ဖြစ်ရ၏။

အလွန်စည်ကားလှသော ဆရာတော်ဦးကြည်ဈာပနတွင် ရဟန်းရှင်လူများစွာတို့ ဝမ်းနည်းတသ နမြောကြသဖြင့် ဂါထာ ကဗျာ ရွတ်ဖတ်ပူဇော်ကြရာ ဤ၌ အမြွက်မျှ ဖော်ပြအပ်ပါသည်။

